သတင်းလွှာ

- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ

အတွဲ(၄)၊အမှတ်(၂၃)။

၂၀၁၀ ခုနှစ်၊မေလ(၂၁)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သင်္ဘောများအနက် နိုင်ငံတကာသွားကုန်တင်သင်္ဘောနှင့် ကမ်းရိုးတန်းသွားသင်္ဘောရှစ်စင်းကို ပြေးဆွဲခြင်းမပြုဘဲရပ်နားထား

ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သင်္ဘောများမှ နိုင်ငံတကာသွားကုန်တင်သင်္ဘောနှင့်ကမ်းရိုးတန်းသွားသင်္ဘောရှစ်စင်းအား ခရီးစဉ်များတွင်ပြေးဆွဲခြင်းမပြုဘဲရပ်နားထားကြောင်းသတင်းရရှိပါသည်။ ဆိပ်ကမ်းတွင်ရပ်နားထားမည့်သင်္ဘော( Laid Up Vessels)အမည်စာရင်းအားထုတ်ပြန်ထားရာ၌ ကမ်းရိုးတန်းသွား သင်္ဘောများဖြစ်သော သံလွင်၊ ချင်းတွင်းနှင့် ဟားခါးသင်္ဘောများ၊ နိုင်ငံတကာသွား ကုန်တင် သင်္ဘောများဖြစ်သော ချင်းရွှေဟော်၊ မိုင်းလား၊ ဘားအံ၊ ပုဂံ နှင့် ပဲခူး သင်္ဘောများစသည်ဖြင့်စုစုပေါင်းသင်္ဘောရှစ်စင်းပါဝင်ကြောင်းသိရသည်။ အဆိုပါသင်္ဘောများမှာခရီးစဉ်များတွင်အသုံးပြုပြေးဆွဲနေသောသင်္ဘောများဖြစ်ကြောင်းလည်းထပ်မံသိရသည်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ နိုင်ငံတကာသွားသင်္ဘော ၁၇စင်း၊ ကမ်းရိုးတန်းခရီးစဉ်သွားသင်္ဘော ၁၉စင်းစုစုပေါင်း သင်္ဘော၂၆စင်းပိုင်ဆိုင်ထားပြီး ပြေးဆွဲမည့်သင်္ဘောအုပ်စု အလိုက် လစာနှုန်းထားသစ်များထုတ်ပြန်မှုတွင် အုပ်စု၄ခု၌ သင်္ဘော၁၅စင်း၊ ရပ်နားသည့် သင်္ဘော( Laid Up Vessels) ၌ သင်္ဘောရှစ်စင်းတို့ပါဝင်ကြောင်း ၂၀၁၀ခုနှစ်မေလ ၂၁ရက် နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရန်ကုန်ဆန်ဈေး လာမည့်လတွင် အနည်းငယ် ပြောင်းလဲနိုင်ဖွယ်ရှိ

လာမည့်လတွင် ရန်ကုန်ဆန်ဈေးကွက်၌ ဆန်ဈေးနှုန်းများ ပုံမှန်ထက် အနည်းငယ် အပြောင်းအလဲ ဖြစ်လာနိုင်သည်ဟု ဆန်ကုန်သည် အများစုက ပြောသည်။ လက်ရှိအနေ အထားတွင် ရန်ကုန်ဆန်ဈေးကွက်သို့ ဆန်အဝင် ပုံမှန်အနေအထားရှိနေသေးသော်လည်း လာမည့်လမှ စတင်ကာဆန်အဝင်နည်းလာတော့မည့်အရိပ်အယောင်များမြင်တွေ့နေရသည့် အတွက်ကြောင့် ဆန်ဈေးအနည်းငယ် ပြောင်းလဲလာနိုင်သည်ဟု ဆိုကြောင်းသိရသည်။ " အခုနယ်ဘက်က လယ်သမားတွေရဲ့လက်ထဲမှာ စပါးမရှိတော့ဘူး။အကုန်လုံးဆန်စက်သမား တွေနဲ့ ပွဲရုံတွေလက်ထဲမှာပဲ ရှိတော့သလိုနွေစပါးအကုန်မိုးစပါးစိုက်ချိန် ရောက်လာပြီဖြစ်တဲ့အတွက်ကြောင့်ဘယ်လိုပဲပြောပြောလာမယ့်လမှာရန်ကုန်ဈေးကွက်ထဲကို ဆန်အဝင်က ကျိန်းသေပေါက် လျော့လာမှာ ဖြစ်ပါတယ် " ဟု မော်တင်က ဆန်ကုန်သည် တစ်ဦးကပြောသည်။ ယခုလက်ရှိ ရန်ကုန်ဆန်ဈေးကွက်သို့ နယ်ဒေသများမှ ဆန်အိတ်ရေ (၆၀၀၀၀)ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ပုံမှန်အားဖြင့် ဆန်ဈေးနှုန်း အပြောင်းအလဲမှာ စပါးထွက်နှုန်းနှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေးနှုန်းအတက်အကျ ပြောင်းလဲမှု ဖြစ်တတ် ကြောင်း သိရသည်။ " လက်ရှိ ရန်ကုန်ဆန်ဈေးနှုန်းတွေက ပုံမှန်ဈေးနဲ့ ငြိမ်နေတယ်။ ဒါက ဈေးကွက်ကို ဆန်အဝင်ကောင်းနေသလို ဝယ်လက်နည်းနေတဲ့အတွက်ကြောင့် ဖြစ်တယ်။ ပုံမှန်သီအိုရီအရဆိုလျှင် အရင်နှစ်တွေက အခုလို အချိန်မျိုးမှာ အမြင့်ဈေးဖြစ်ပေမယ့် ဒီနှစ်ကတော့ ကျဈေးနဲ့ ငြိမ်နေတယ် " ဟုအထက်ပါပုဂ္ဂိုလ်ကထပ်ဆင့်ရှင်းပြသည်။ လတ်တလော ရန်ကုန်ဆန်ဈေးကွက်တွင်း အရောင်းအဝယ် ဖြစ်နေသည့်အတွက် ဆန်တစ်အိတ် ဈေးနှုန်းများမှာ အကြမ်းရှယ်ထိပ်စ ကျပ်(၁၅၀၀၀-၁၆၀၀၀)၊ အလယ်ထိပ်စ ကျပ်(၁၄၀၀၀-၁၄၅၀၀)၊ အလယ်စ ကျပ်(၁၃၅၀၀-၁၄၀၀၀)၊ နှင့် အချော ကျပ်(၂၄၀၀၀-၂၄၅၀၀)၊ အလတ်စ ကျပ်(၂၃၀၀၀-၂၃၅၀၀)တို့ဖြစ်ကြောင်း၂၀၁၀ ခုနှစ် မေလ၁၃ရက်နေ့ထုတ် Popular News ဂျာနယ် တွင်ဖော်ပြထားပါသည်။

## ကမ္ဘာ့ရွှေ ဆက်တိုက်ခုန်၊ မြန်မာ့ရွှေဈေးမဆင်းနိုင်သေး

ကမ္ဘာ့ရွှေဈေးက သည်ရက်ပိုင်းမှာ ဆက်တိုက်တက်နေတာ မေလ ၁၀ရက်နေ့မှာ အနည်းငယ် ပြန်ကျပေမယ့် တက်ရိပ်ရှိနေသေးတဲ့အတွက်မြန်မာ့ရွှေဈေးကလည်းတစ်ကျပ် သားကို ကျပ်(၆၂၀၀၀၀) အောက်တော့ သည်ရက်ပိုင်းမှာ မဆင်းနိုင်သေးဘူးလို့ ရွှေဈေးကွက် ကျွမ်းကျင်သူတစ်ချို့ကသုံးသပ်ကြပါတယ်။ ကမ္ဘာ့ရွှေဈေးက သင်္ကြန်အပြီး ဧပြီလထဲမှာ တစ်အောင်စကို (၁၁၅၅) ဒေါ်လာလောက်ရှိခဲ့ရာကနေ ဆက်တိုက်တက်တာ မေလ ၄ရက်နေ့မှာ တစ်အောင်စကို (၁၁၉၀) ဒေါ်လာအထိမြင့်တက်လာပါတယ်။ မေလ၇ရက်လောက်မှာ တော့ တစ်အောင်စကို (၁၂၀၈) ဒေါ်လာအထိ အမြင့်ဆုံးမြင့်တက်ခဲ့တာ တွေ့ရတယ်။ ကမ္ဘာ့ရွှေဈေး ဆက်တိုက်မြင့်တက်တဲ့အတွက် မြန်မာ့ရွှေဈေးလည်းသည်ရက်ပိုင်းမှာ ဈေးကောင်း လာတာ တွေ့ရတယ်။ သင်္ကြန်အပြီး ဧပြီလ ၂၆ရက်လောက်မှာ တစ်ကျပ်သားကို ကျပ်(၆၀၈၅၀၀)လောက် ရှိခဲ့ပြီး ဧပြီလ ၃၀ရက်မှာတော့ တစ်ကျပ်သားကို ကျပ်(၆၁၁၈၀၀)လောက် အထိဖြစ်လာတယ်။ မေလ၄ရက်မှာ တစ်ကျပ်သားကို ကျပ်(၆၁၃၅၀၀)လောက်အထိ ဖြစ်လာပြီး၊ မေ ၇ရက်နှင့်မေ၉ရက် နေ့မှာတော့အမြင့်ဆုံးဖြစ်ခဲ့ပြီးတစ်ကျပ်သားကိုကျပ်(၆၂၇၀၀၀) အထိ ဖြစ်လာခဲ့တယ်။ မေ ၁၀ရက်နေ့ ညနေဘက်မှာတော့ ဂျာမနီက ကျားကန်ပေးမယ်ဆိုတာကြောင့် ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို (၁၁၉၀)ဒေါ်လာလောက် အထိ ကျလာတဲ့ အတွက် မြန်မာ့ရွှေဈေးကလည်း တစ်ကျပ်သားကို ကျပ်(၆၂၂၀၀၀)လောက် အထိ ပြန်အေးလာပါတယ်။ မေလ ၁၀ရက်နေ့ ညနေပိုင်းရန်ကုန်မှာဖြစ်တဲ့ ရွှေပေါက်ဈေးက တစ်ကျပ်သား ကို အကယ်ဒမီအခေါက်က ကျပ်(၆၂၂၀၀၀)ဝန်းကျင်၊ဘသန်းအခေါက် ကကျပ်(၆၂၁၅၀၀)ဝန်းကျင်၊ အောင်သမာဓိအခေါက်ကကျပ်(၆၂၁၃၀၀၀)ဝန်းကျင်၊၁၅ပဲရည်ကကျပ်(၅၈၃၀၀၀) ဝန်းကျင်မှာ ရှိပါတယ်။ လက်ရှိမှာတော့ မြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးထက် နိမ့်နေတဲ့အတွက် နယ်စပ်ကအဝယ်ရှိပြီး လိုင်းကိုက်နေတယ်လို့ ရွှေဈေးကွက်မှ သိရကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၄ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာနအမြတ်ခွန်ဌာနခွဲဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်

အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁-၄-၂၀၀၉ရက်မှ ၃၁-၃-၂၀၁၀ရက်အထိ ဘဏ္ဍာနှစ်အတွင်း ၁၀၀၀၀ကျပ် နှင့် အထက် ဝင်ငွေရရှိ သူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး၂၀၁၀ခုနှစ် ၊ ဇွန်လ ၃၀ရက်ထက် နောက်မကျစေဘဲသက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးသို့ အရောက်ပေးပို့ရန် လိုအပ်ကြောင်းနှိုးဆော်ပါသည်။ ဝင်ငွေကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင်သို့မဟုတ် စာတိုက်မှ ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်း အထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။ အမြတ်ခွန် ဥပဒေပုဒ်မ -၂၂၊ ပုဒ်မခွဲ(ခ) အရ လုံလောက်သောအကြောင်း မရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ဝင်ငွေကြေညာလွှာပေးပို့ရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ထပ်မံပေးသွင်း ရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်ဖြစ်ကြောင်းအသိပေးပါသည်။ မရှင်းလင်းသော အချက်များရှိပါကမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး များတွင် စုံစမ်းမေးမြန်းနိုင်ပါကြောင်း ၂၀၁၀ခုနှစ်မေလ ၁၆ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## မျက်စိရောဂါများရှာဖွေပေးသည့် 3D ရုပ်ကြွစက်ပထမဦးဆုံးရောက်ရှိလာ

မျက်စိရောဂါများရှာဖွေပေးသည့် 3D ရုပ်လုံးကြွစက်မြန်မာနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိလာကြောင်းအဆိုပါစက်ကိုတင်သွင်းသည့် Concordia Int’l Co., Ltd. နှင့် Topcon South Asia Pte Ltd. မှ ၈-၅-၂၀၁၀ရက်တွင်သိရသည်။ ၎င်းစက်မှာ ရေတိမ်ရောဂါ၊ ဆီးချိုရောဂါတို့ကြောင့် မျက်စိကွယ်တတ်သည်များကို လွယ်ကူစွာရှာဖွေနိုင်သည့် OCT- 2000 Choerence Tomography) စက်ဖြစ်ပြီးမျက်စိနှင့်ပတ်သက်သော ဆေးရုံးကြီးများ၊ ဆေးခန်းကြီးများမျက်မှန်ဆိုင်ကြီးများတွင်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ “ လူတစ်ယောက်ရဲ့မျက်လုံးကို ကွန်ပျူတာမှာ သရီးဒီရုပ်လုံးကြွပုံနဲ့ပတ်ပတ်လည်လှည့်ကြည့်လို့ရတယ်။ ဆရာဝန်က ခွဲမယ်ဆို ဘယ်နေရာခွဲမလဲ ၊တိကျသေချာတဲ့နေရာကို အလွယ်တကူ ရှာနိုင်မှာဖြစ်ပါတယ်။ လက်ရှိကတော့ ဘယ်ဆေးရုံ ၊ ဆေးခန်းမှာမှ 3D –OCT စက်ကို အသုံးမပြုသေးပါဘူး။ ဒီနေ့မှ ရန်ကုန်ကိုရောက်တာပါ” ဟု Concoridia Int’l Co., Ltdမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံ၊ ဆေးခန်းများတွင် လက်ရှိအသုံးပြုနေသော မျက်စိဆိုင်ရာစက်ကြီးများမှာ 2D ကြီးများဖြစ်ပြီး OCT နည်းပညာဆိုသည်မှာ နောက်ဆုံးပေါ်နည်းပညာဖြစ်ကြောင်းသိရသည်။ နိုင်ငံတကာ ဈေးကွက်တွင် ၎င်း OCT နည်းပညာဖြင့် အသုံးပြုထားသည့် 3D စက်များ ဈေးကွက်ဝေစုအများစု အများအပြားရရှိထားပြီးဂျပန်နိုင်ငံမှ ပြုလုပ်သည့် ၎င်းစက်မှာ ဂျပန်ဈေးကွက်၏ ၇၀ရာခိုင်နှုန်းကိုလည်း ရရှိထားသည်ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောပြသည်။ ဥရောပနိုင်ငံများ၊ ထိုင်း၊ စင်ကာပူနိုင်ငံများ တွင်လည်း ၎င်း OCT နည်းပညာကို အသုံးပြုမှုများကြောင့် ၊ OCT စက်ဖြင့် မျက်စိဆိုင်ရာ ပြဿနာများကို စစ်ဆေးဖြေရှင်းရာတွင် သာမန်ကျသင့်သည့် နှုန်းထားထက် ဈေးနှုန်းအနည်းငယ် မြင့်တက်မည်ဖြစ်ကာ မူလ ဈေးနှုန်းထက် ၃၀ရာခိုင်နှုန်းခန့် အထိ ပို့ကုန်ကျနိုင်ကြောင်း၊ လက်ရှိမြန်မာပြည်တွင် 2D အသုံးပြုစက်လေး၊ ငါးလုံးခန့်ရှိကြောင်း ၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်မည့်ရက် အကန့်အသတ်မရှိ ထပ်မံရွှေ့ဆိုင်းထားကြောင်းသိရ

ရန်ကုန်မြို့ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းများကို ယခင်က မေလ ၁၅ရက်နေ့တွင် တစ်ပြေးညီစတင် ဖွင့်လှစ်ရန် လျာထားသော်လည်း ယခုအခါ မေလ ၁၅ရက်နေ့တွင် ဖွင့်လှစ်မည်မဟုတ်ကြောင်းနှင့် ဖွင့်လှစ်မည့်ရက်အား အကန့်အသတ်မရှိ ထပ်မံရွှေ့ဆိုင်းထားကြောင်း ပုဂ္ဂလိကဒီဇယ်ဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများထံမှ စုံစမ်းသိရှိရပါသည်။ “ပထမဆုံး မေလ ၁၅ရက်နေ့မှာ တစ်ပြေးညီဖွင့်လှစ်နိုင်ရင် ဖွင့်လှစ်ဖို့ လျာထားတယ်။ ဒါပေမယ့် အခု မေလ၁၅ရက်နေ့ မဖွင့်လှစ်နိုင်သေးဘူး။ ဖွင့်လှစ်ရမယ့်ရက်ကို ထပ်ပြီးရွှေ့ထားတယ်လို့ သိရတယ်။ ဘယ်တော့ဖွင့်မယ်ဆိုပြီး တိတိကျကျ မသိရသေးဘူး။ ရက်အကန့်အသတ်မရှိဘူးပေ့ါဗျာ ” ဟု ပုဂ္ဂလိက ဒီဇယ်ဆီတင်သွင်းသူလုပ်ငန်းရှင်တစ်ဦးကရှင်းပြခဲ့ပါသည်။ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ ပေါ်ပေါက်လာပါက တစ်ဆိုင်နှင့်တစ်ဆိုင် ယှဉ်ပြိုင်လုပ်ကိုင်ရောင်းချမည့် ဈေးကွက်စီးပွားရေးစနစ်ပုံစံဖြစ်၍ ဈေးနှုန်းထိန်းညှိပေးသည့်စနစ်အား ထားရှိမည်မဟုတ်ကြောင်းလည်း သိရှိရသည်။ လက်ရှိတွင် စတင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် အချို့မှာမူ တစ်ဂါလံကျပ် ၃၂၀၀၊ ၃၃၀၀၊ ၃၃၅၀စသည်ဖြင့် နေရာ ဒေသကိုလိုက်၍ ဈေးသတ်မှတ်ရောင်းချလျက် ရှိသည်ဟု သိရသည်။ နိုင်ငံတော်စက်သုံးဆီဆိုင်များ၏ ရောင်းချပေးသည့်ဈေးမှာမူတစ်ဂါလံကျပ်၃၀၀၀ ဖြစ်၍ကွာဟချက်ဖြစ်ပေါ်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် မေလ ၁၉ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ထိုင်း-မြန်မာနယ်စပ် တပ်ခ်ခရိုင် မဲဆောက်တွင် အထူးစီးပွားရေးဇုန်တည်ဆောက်ရန် ထိုင်းဘက်မှ စီစဉ်

ထိုင်း- မြန်မာကုန်သွယ်ရေးတွင် အချက်အချာကျလျက်ရှိသော တပ်ခ်ခရိုင် မဲဆောက်တွင် အထူးစီးပွားရေးဇုန်တည်ဆောက်ရန် နှင့် နှစ်နိုင်ငံကြားရှိချစ်ကြည်ရေးတံတားအမှတ်(၂) အား(၄) လမ်းတိုးချဲ့တည်ဆောက်ရန် ထိုင်းနိုင်ငံဘက်မှစီစဉ်ဆောင်ရွက်နေကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှရရှိသောသတင်းများအရသိရှိရသည်။ ထိုင်း- မြန်မာနယ်စပ်ရှိ မြဝတီဒေသသည် နှစ်နိုင်ငံကုန်သွယ်မှုတွင် အချက်အချာကျနေခြင်းနှင့် မြဝတီ၊ မဲဆောက်အာဆီယံအရှေ့အနောက်စီးပွားရေးစင်္ကြံ ဒေသဖြစ်ခြင်း၊ ထိုင်းနိုင်ငံမှ တစ်ဆင့် ဗီယက်နမ်နိုင်ငံနှင့်အခြားနိုင်ငံများသို့ ကုန်သွယ်မှုပြုနိုင်ခြင်းကြောင့် မဲဆောက်သည် ထိုင်း- မြန်မာကုန်သွယ်မှုတွင်အဓိကကျသော နေရာဖြစ်လာကြောင်းသိရှိရသည်။သို့သော် ထိုင်းနိုင်ငံရေးမငြိမ်သက်မှုများကြောင့် လတ်တလောအခြေအနေတွင် ကြန့်ကြာမှုအချို့ရှိနေကြောင်း၊ ယင်းချစ်ကြည်ရေးအမှတ်(၂) တံတားဆောက်လုပ်ပြီးစီးပါက ထိုင်းနိုင်ငံမှတစ်ဆင့် လာအိုနိုင်ငံ ဆုန်စဝမ်နခက်ခရိုင်၊ ဒန်စဝမ်မှ တစ်ဆင့် ဗီယက်နမ်နိုင်ငံ ဒါနန်းအထိ သွားလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူပင် လမ်းအရှည် ၂၇ဒသမ ၈ကီလိုမီတာရှိသည့် မြဝတီ-ကော့ကရိတ်လမ်းဖောက်လုပ်ရန် ထိုင်းနိုင်ငံ အစိုးရက ဘတ်သန်း ၈၇၀ကျော် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ ထိုင်းဘက်မှထုတ်ပြန်ခဲ့သောသတင်းများအရ သိရှိရသည်။ ယင်းလမ်းအတွက်၂၀၁၀ ပြည့်နှစ်တွင် ဘတ်သန်း ၁၅၀( ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွင် ဘတ် ၃၆၁သန်း) သုံးစွဲသွားရန် သတ်မှတ်ထားကြောင်း၊ လမ်းပထမပိုင်းမှာ မဲဆောက်မှ မြဝတီနှင့် မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက် ဖိဆစ်ခုလိုမြို့များအထိ ကုန်သွယ်မှုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၂၀၁၀ခုနှစ်မေလ ၁၉ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပြည်ပသို့ ဆန်တင်ပို့မှု ပိတ်ပင်ဆိုသည့် သတင်းမမှန်၊ ဆန်တန်ချိန်ရှစ်သောင်းတင်ပို့ရန် ခွင့်ပြုထားဟုဆို

ပြည်ပသို့ ဆန်တင်ပို့မှုပိတ်ပင်ဆိုသည့် သတင်းမဟုတ်မှန်ကြောင်းနှင့် ဆန်တန်ချိန်ရှစ်သောင်းတင်ပို့ရန်ခွင့်ပြုထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလအတွင်းက ဆန်တင်ပို့သည့် ကုမ္ပဏီများမှ ပြည်ပသို့ တင်ပို့ရန်ကြိုတင်ဝယ်ယူစုဆောင်းထားသည့် ဆန်များကိုတင်ပို့ရန် ကြိုတင်ဝယ်ယူစုဆောင်းထားသည့် ဆန်များကို တင်ပို့ခွင့်ရပ်ဆိုင်းခြင်းရှိခဲ့သော်လည်းလက်ရှိအချိန်တွင် ပြည်ပသို့ မိုးစပါးမှ ဆန်တင်ပို့ခွင့်ကို မတ်လအတွက် ဆန်တန်ချိန်လေးသောင်း၊ ဧပြီလအတွက် ဆန်တန်ချိန်လေးသောင်း၊ စုစုပေါင်း ဆန်တန်ချိန်ရှစ်သောင်းတင်ပို့ရန် ခွင့်ပြုထားကြောင်း၊ ဆန်တင်ပို့ခွင့်လိုင်စင် သက်တမ်းသုံးလရရှိသည့်အတွက် မတ်လအတွင်းတင်ပို့ခွင့်ရထားသည့် ဆန်တန်ချိန်လေးသောင်းကို မတ်လမှ ဇွန်လအတွင်းနှင့် ဧပြီလအတွက် တင်ပို့ခွင့်ရထားသည့် ဆန်တန်ချိန်လေးသောင်းကို ဧပြီလမှ ဇူလိုင်လအတွင်း တင်ပို့သွားရမည်ဖြစ်ကြောင်း၊ ဆန်တင်ပို့မှုကို အုပ်စုငါးစုခွဲ၍ တင်ပို့လျက်ရှိကြောင်း၎င်းကရှင်းပြသည်။ လက်ရှိတွင် ဆန်တန်ချိန်နှစ်သောင်းခန့်တင်ပို့ရန် ပြင်ဆင်လျက်ရှိပြီး ဆန်တင်ပို့မည့် သက်ဆိုင်ရာ ကုမ္ပဏီများ၏ ကုန်လက်ဝယ်ထားရှိမှုအခြေအနေများကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက မေလ ၆ရက်နေ့တွင် အပြီးသတ်စစ်ဆေးပြီးဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ယခုလက်ရှိကမ္ဘာ့ဆန်ဈေးကွက်၌ မြန်မာနိုင်ငံမှ တင်ပို့သည့် ၂၅မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ပေါက်ဈေးရှိကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးများနှင့်နှိုင်းယှဉ်လျှင် လက်ရှိမြန်မာ့ ၂၅မှတ်ဆန်၏ ပေါက်ဈေးမှာ၁၀ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းခန့်အထိကျဆင်းသွားကြောင်းပြည်ပသို့ ဆန်တင်ပို့လျက်ရှိသည့် ဆန်ကုန်သည်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရကြောင်း ၂၀၁၀ခုနှစ် မေလ ၁၇ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ဆယ်လူလာဈေးကျ ဂျီဈေးမရ ကတ်ဖုန်းနှင့် ငါးသိန်းဖုန်းများ အဝယ်သွက်

ကျပ်ငါးသိန်းဖုန်းခေါ် CDMA 800 MHz များ အသုံးပြုမှုများလာပြီးနောက် ဒုတိယမျိုးဆက် (Second Generation) ဖုန်းဖြစ်သည့် ဆယ်လူလာဖုန်းများ၏ ပြင်ပပေါက်ဈေးမှာ ကျပ်(၈)သိန်းအောက်သို့ ကျဆင်းလာခဲ့ကြောင်း မိုဘိုင်းလ်ဖုန်း အရောင်းဆိုင်အချို့ထံမှ သိရသည်။ မြန်မာနိုင်ငံတွင် ယခုနောက်ပိုင်း အသုံးပြုမှုတွင်ကျယ်လာသော မိုဘိုင်းလ်ဖုန်းကွန်ရက်တစ်ခုဖြစ်သည့် SMSစနစ်ကို အသုံးမပြုနိုင်ဘဲ ဖုန်းပြောရုံသက်သက်သာ သုံးနိုင်သဖြင့် ဖုန်းနံပါတ် ၀၉၉---------ဖြင့်စသောဆယ်လူလာဖုန်းများလူကြိုက်နည်းကာဖုန်းဈေးကျဆင်းမှုဖြစ်သည်ဟု ၄င်းကပြောသည်။ " ကတ်ဖုန်းတွေတောင် အနိမ့်ဆုံး SMS သုံးလို့ရတယ်။ ဆယ်လူလာလို့ Analog code စနစ်သုံးတဲ့ 2Gခေတ် မရှိတော့ဘူး။ ငါးသိန်းဖုန်းက ကတ်ဖုန်းစနစ်အပြင် နံပါတ်အသေရတာရယ် Hand Set ရော၊ အထိုင်ပါ သုံးလို့ရတာ။ မကြာခင် ရန်ကုန်တစ်တိုင်းလုံး ယူသွားပြီး ဆက်သွယ်လို့ရမှာရယ်ကြောင့် လူကြိုက်များလာတာပါ။ ဖုန်းဆက်ရုံလောက်ကတော့ ကတ်ဖုန်းတစ်လုံး ကတ်ဝယ်ထည့်သုံး ကုန်ရင်ငါးသောင်း၊ ခြောက်သောင်းပေါ့ " ဟု ယင်းပုဂ္ဂိုလ်က ရှင်းပြသည်။တစ်ခါသုံးကတ်ဖုန်းများအသုံးပြုမှုများလာသည့်နောက် ယခင်က သိန်း၃၀/ ၄၀ ဈေးပေါက်ခဲ့သော ဂျီခေါ် GSM ဖုန်းများ၏ဈေး ထိုးဆင်းလာခဲ့ပြီး မနစ်က တစ်လုံး ကျပ် သိန်း၂၀အောက်၊ ယခု ၂၀၁၀ပြည့်နှစ်မေလတွင် ၀၉၅၀-----------အစရှိသည့် ဂျီဟောင်းများ ကျပ် ၁၀ သိန်းဝန်းကျင်သာ ဈေးရှိတော့သည်ဟု သိရသည်။ " ငါးသိန်းဖုန်းကတော့ အလုပ်ဖြစ်လာတယ်။ စထုတ်တုန်းက လူစိတ်ဝင်စားမှုနည်းပေမယ့် နောက်လတွေမှာ တစ်လုံးကို ကျပ်ငါးသောင်းလောက် အမြတ်ရပြီး အခုလမှာ ကျပ်ရှစ်သောင်းထိတက်လာပါတယ်။ဂျာနယ်တွေမှာငါးသိန်းဖုန်းလိုချင်ရင်တစ်နာရီအတွင်း ရမယ်။ ချက်ချင်းရမယ်ဆိုပြီး သတင်းရေးတာတွေ တွေ့ရတယ်။ အဲဒါက ငါးသိန်းဖုန်းကို ငါးသိန်းနဲ့ ရတာမဟုတ်ဘဲ ကြားက အကျိုးဆောင်ခယူနေတာ မသိကြဘူးထင်တယ် " ဟု ဖုန်းဈေးကွက်ကို ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် မေလ ၁၉ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအတွက် ISBM ကုတ်နံပါတ်ရတော့မည်

မြန်မာနိုင်ငံတွင်ထုတ်ဝေသည့် စာအုပ်စာပေများကို နိုင်ငံတကာစာပေလောကအတွင်းဖြန့်ချိနိုင်ရန် မရှိမဖြစ်လိုအပ်သည့် ကုတ်နံပါတ်များကိုထုတ်ပေးသော နိုင်ငံတကာ အိုင်အက်စ်ဘီအင်န်အေဂျင်စီ လန်ဒန်သို့ မြန်မာနိုင်ငံက ဝင်ရောက်ခွင့်ရပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက မေလ ၁၆ရက်နေ့က ပြောသည်။"၂၀၀၉ခုနှစ်၊ အောက်တိုဘာလ ၈ရက်နေ့က မြန်မာနိုင်ငံကို International ISBN Agency ကိုဝင်ခွင့်ပြုကြောင်းနဲ့ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးပေးပို့ဖို့ အကြောင်းကြားပါတယ်" ဟုယင်းသို့ ဝင်ရောက်ရန် ဆက်သွယ်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်း ဖြစ်သည့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ပဋိညာဉ်စာချုပ်( Contract ) နှင့်အတူ သင်းဖွဲ့မှတ်တမ်း( Memorandum of Association) ၊သင်းဖွဲ့စည်းမျဉ်း( Articles of Association) များကိုပါ လက်မှတ်ရေးထိုးပေးပို့ရန်ဖြစ်သည် ဟုအဆိုပါတာဝန်ရှိသူကပြောသည်။ " ဒီစာချုပ်တွေကို ဒီဘက်က လက်မှတ်ရေးထိုးပြီး ဒီမေလအတွင်း ပို့ပါမယ်။ ဒါဆိုဟိုဘက် International ISBN Agency London ကပြန်လက်မှတ်ထိုးပြီး ငွေတောင်းခံလွှာပြန်ပို့မယ်။ ငွေဘယ်လိုသွင်းရမယ်ဆိုတာပါ ပါမှာပါ။ ငွေသွင်းပြီးရင် ဒေသကုတ်နံပါတ်ရမှာပေါ့" ဟုတာဝန်ရှိသူတစ်ဦးကပြောသည်။ "ဒီကုတ်နံပါတ်က ဘာသာစကားကန့်သတ်ချက်မရှိပါဘူး။ အင်္ဂလိပ်ဘာသာစာအုပ်ရော၊ မြန်မာဘာသာစာအုပ်တွေမှာပါ သုံးနိုင်ပါတယ်" ဟုၡင်းကပြောသည်။ "ဒါရတာဟာ သတင်းကောင်းပါ။ International Standard Book Number (ISBN) မပါရင် မြန်မာနိုင်ငံမှာ ထုတ်တဲ့ စာအုပ်တွေဟာ ပြည်ပမှာ ရောင်းလို့မရဘူး။ ပြည်ပက ဘယ်စာကြည့်တိုက်မှာမှလည်း တင်လို့မရဘူး။ International ISBN Agency London သို့ဝင်ခွင့်ရသည့်အတွက် မြန်မာနိုင်ငံက ဒေသကုတ်နံပါတ် ရရှိပြီးဒေသဆိုင်ရာ ISBN Agencyတစ်ခုဖွဲ့စည်း၍ ပြည်တွင်းထုတ်ဝေသူများသို့ ကုတ်နံပါတ်များကိုဆက်လက်ထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း ၊ ယင်းသို့ ဆက်လက်ထုတ်ပေးမည့်အသေးစိတ် အစီအစဉ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်မေလ ၂၁ရက်နေ့ထုတ်မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သင်္ဘောများအနက် နိုင်ငံတကာသွားကုန်တင်သင်္ဘောနှင့် ကမ်းရိုးတန်းသွားသင်္ဘောရှစ်စင်းကို ပြေးဆွဲခြင်းမပြုဘဲရပ်နားထား

ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သင်္ဘောများမှ နိုင်ငံတကာသွားကုန်တင်သင်္ဘောနှင့်ကမ်းရိုးတန်းသွားသင်္ဘော ရှစ်စင်းအား ခရီးစဉ်များတွင်ပြေးဆွဲခြင်းမပြုဘဲရပ်နားထားကြောင်းသတင်းရရှိပါသည်။ ဆိပ်ကမ်းတွင်ရပ်နားထားမည့်သင်္ဘော ( Laid Up Vessels) အမည်စာရင်းအား ထုတ်ပြန်ထားရာ၌ ကမ်းရိုးတန်းသွားသင်္ဘောများဖြစ်သော သံလွင်၊ ချင်းတွင်းနှင့် ဟားခါးသင်္ဘောများ၊ နိုင်ငံတကာသွားကုန်တင်သင်္ဘောများဖြစ်သော ချင်းရွှေဟော်၊ မိုင်းလား၊ ဘားအံ၊ ပုဂံနှင့်ပဲခူး သင်္ဘောများစသည်ဖြင့် စုစုပေါင်းသင်္ဘောရှစ်စင်းပါဝင်ကြောင်းသိရသည်။ အဆိုပါ သင်္ဘောများမှာ ခရီးစဉ်များတွင် အသုံးပြုပြေးဆွဲနေသော သင်္ဘောများဖြစ်ကြောင်းလည်းထပ်မံသိသည်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ နိုင်ငံတကာသွားသင်္ဘော ၁၇စင်း၊ ကမ်းရိုးတန်းခရီးစဉ်သွားသင်္ဘော ၁၉စင်းစုစုပေါင်း သင်္ဘော၃၆စင်းပိုင်ဆိုင်ထားပြီး ပြေးဆွဲမည့်သင်္ဘော အုပ်စုအလိုက် လစာနှုန်းထားသစ်များထုတ်ပြန်မှုတွင် အုပ်စု၄ခု၌ သင်္ဘော၁၅စင်း၊ ရပ်နားသည့် သင်္ဘော( Laid Up Vessels) ၌ သင်္ဘောရှစ်စင်းတို့ပါဝင်ကြောင်း ၂၀၁၀ခုနှစ်မေလ ၂၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊မေလ၂၀ရက်နေ့မှ ၂၆ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်သာယာမည်။

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း တို့တွင် နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## အတ္တလန္တိတ်လွန်းပျံယာဉ်၏ နောက်ဆုံးအခေါက်အာကာသခရီး

အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ ကနေဒီအာကာသစခန်းမှ အာကာသလွန်းပျံယာဉ် အတ္တလန္တိတ်ကို ယမန်နေ့ မွန်းလွဲပိုင်းတွင်လွှတ်တင်ခဲ့သည်။ယခုခရီးစဉ်သည်အတ္တလန္တိတ်လွန်းပျံယာဉ်၏ (၃၂)ကြိမ်မြောက် ခရီးစဉ်ဖြစ်၍ နောက်ဆုံးအကြိမ်လည်းဖြစ်သည်။ ယခုခရီးစဉ်မှပြန်လာလျှင် ပြတိုက်သို့ပို့၍ အများပြည်သူများအားပြသထားမည်ဖြစ်သည်။ယခုခရီးစဉ်တွင် ရုရှားနိုင်ငံလုပ် module ကို နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ပို့ဆောင်တပ်ဆင်မည်ဖြစ်ပြီး (၁၂)ရက်ကြာမြင့်မည်ဖြစ်သည်။ ယခုခရီးစဉ်တွင် ISS အတွက် ဘတ်ထရီ (၆)လုံးနှင့် ဆက်သွယ်ရေးအင်တာနာတစ်ခု သယ်ဆောင်သွားခဲ့သည်။ (ဘီဘီစီ)

## နိုင်ဂျီဒီးယားတွင် ရေနံသန့်စင်စက်ရုံ(၃)ခု ထပ်မံတည်ဆောက်မည်

နိုင်ဂျီးဒီးယား၏ နိုင်ငံပိုင်ရေနံလုပ်ငန်း NNPC နှင့် တရုတ်နိုင်ငံ ဆောက်လုပ်ရေးအင်ဂျင်နီယာ ကော်ပိုရေးရှင်းတို့သည် ဒေါ်လာ(၂၃)ဘီလီယံတန်သော သဘောတူစာချုပ်တစ်ရပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်အရ တရုတ်ကုမ္ပဏီကနိုင်ဂျီဒီးယားတွင် ရေနံသန့်စင်စက်ရုံ (၃)ခုနှင့်စွမ်းအင်စက်မှုလုပ်ငန်းဇုန်တစ်ခုတည်ထောင်ပေးရမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက တနေ့လျှင် ရေနံစည်ပေါင်း (၇)သိန်းခွဲပိုမိုထွက်ရှိမည်ဖြစ်သည်။ နိုင်ဂျီဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် (၁၂)ခုမြောက် ရေနံအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ လက်ရှိတွင် ရေနံသန့်စင်စက်ရုံ (၄)ခုရှိသော်လည်း စီမံခန့်ခွဲမှု အပိုင်းတွင် ချွတ်ယွင်းမှုများကြောင့် နိုင်ငံလောင်စာလိုအပ်ချက်၏ (၈၅)%ကို ပြည်ပမှ တင်သွင်းခဲ့ရသည်။နိုင်ငံခြားကုမ္ပဏီများ နိုင်ဂျီဒီးယားရေနံလုပ်ငန်းတွင် လာရောက်မြှုတ်နှံကြရန် ဖိတ်ခေါ်လျှက်ရှိသည်။ (ဆင်ဟွာ)

## နျူကလီးယားလောင်စာလဲလှယ်ရေးအစီအစဉ် အီရန်နိုင်ငံလက်မှတ်ရေးထိုး

အီရန်နိုင်ငံ တဟီရန်မြို့တွင် တူရကီနှင့် ဘရာဇီးခေါင်းဆောင်များ၏ ကြားဝင်ဖြန်ဖြေပေးမှုဖြင့်အီရန်နိုင်ငံသည်ယူရေနီယံသတ္တုကိုနိုင်ငံခြားသို့ ပေးပို့ရန်သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အီရန်နိုင်ငံက အဆင့်နိမ့်သန့်စင်ထားသော ယူရေနီယံ ၁၂၀၀ကီလိုဂရမ်ကို တူရကီနိုင်ငံသို့ ပေးပို့မည်ဖြစ်သည်။ ၄င်းအစား တစ်နှစ်အတွင်းတွင် ၂၀ရာခိုင်နှုန်းအထိသန့်စင်ပြီးသော ယူရေနီယံ ၁၂၀ကီလိုဂရမ်ကို အီရန်နိုင်ငံသို့ ပြန်လည်ပေးအပ်ရမည်ဟု သိရှိရသည်။ အမေရိကန်နိုင်ငံက အဆိုပါသဘောတူညီချက်ကို ကန့်ကွက်ခြင်းမပြုသော်လည်း ၄င်း၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ စိုးရိမ်စိတ်များ ရှိဆဲဖြစ်ကြောင်း၊ စကားလုံးများဖြင့်မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြရန်လိုကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းအပေါ်ထားရှိသော ကတိကဝတ်များကို လိုက်နာရန်လိုကြောင်း ထုတ်ဖော်ပြောဆိုသည်။ အီရန်နိုင်ငံက၄င်း၏နိုင်ငံတွင်းတွင်ယူရေနီယံကို ၂၀ရာခိုင်နှုန်းအထိသန့်စင်ရေးလုပ်ငန်းကိုဆက်လက်ဆောင်ရွက်မည်ဟုပြောကြားသည်။အနောက်နိုင်ငံအစိုးရများကပိတ်ဆို့မှုအသစ်များကိုနှောင့်နှေးကြန့်ကြာစေရန်ဆွေးနွေးညှိနှိုင်းအချိန်ဆွဲနေခြင်းဖြစ်သည်ဟုပြောဆိုကြသည်။(ဘီဘီစီ)

## တစ်ကိုယ်တည်း ကမ္ဘာပတ်ရွက်လွှင့်ခဲ့သူ ဩစတြေးလျဆယ်ကျော်သက်

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သူမြို့သားများသည် ယမန်နေ့က ဆိပ်ကမ်းတွင် စုရုံးကြ၍ ကမ္ဘာတစ်ပတ် ရွက်လွှင့်ခဲ့သော ဆယ်ကျော်သက်အရွယ် ဂျက်စီကာဝက်ဆင်ဆိုသူ မိန်းကလေးအား တခဲနက် ကြိုဆိုခဲ့ကြသည်။ သူမသည် အသက် ၁၆နှစ်ရှိ၍ ကမ္ဘာတစ်ပတ် မရပ်မနား တစ်ဦးတည်း ရွက်လွှင့်ခဲ့သော အငယ်ဆုံးလူသားဖြစ်သည်။ သူမ၏ ၃၄ပေရှည်သော Ella's Pink Lady အမည်ရှိ ရွက်လှေဖြင့် အောက်တိုဘာ ၁၈ရက်နေ့မှစ၍ ၇လကြာ ခရီးနှင်ခဲ့ခြင်းဖြစ်သည်။ သူမအားကြိုဆိုကြသူများသည်ရွက်လှေ၏အရောင်အတိုင် ပန်းရောင်များကို ဝတ်ဆင်လာကြသည်။ သူမ၏ ခရီးစဉ်သည် ရေမိုင် ၂၃၀၀၀ခန့်ရှိသည်။ ခရီးစဉ်အတွင်း အီကွေတာ၏ မြောက်ဘက်သတ်မှတ်ထားသောနေရာသို့မရောက်ခဲ့သဖြင့်သူမ၏စွန့်စားမှုကို ကမ္ဘာ့ရွက်လွှင့်စံချိန်ကောင်စီက အသိအမှတ်မပြုခဲ့ပေ။ (ဘီဘီစီ)

## ကမ္ဘာ့ဖလားပွဲတွင် ဆူပူသောင်းကျန်းမှုကင်းစင်ရေးဆွေးနွေး

လာမည့်လ တောင်အာဖရိကတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ လာရောက်အားပေးကြမည့် ပရိသတ်ထဲတွင် ရောထွေးပါဝင်လာမည့်ဆူပူသောင်းကျန်းသူများအား စောင့်ကြည့်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အစီအစဉ်များချမှတ်ထားကြောင်း တောင်အာဖရိက ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်၍အာဂျင်တီးနားနိုင်ငံနှင့်လည်းကောင်း၊ တောင်အာဖရိက သတင်းစာအသင်းနှင့်လည်းကောင်း ညှိနှိုင်းတိုင်ပင်၍ ၄င်းတို့ထံမှ ဘောလုံးပွဲတွင် ရှန်းရင်းဆန်ခတ်ဖြစ်အောင် ဆူပူသောင်းကျန်းမှုများ ပြုလုပ်လေ့ရှိသူများ၏ စာရင်းများကို ရရှိထားပြီဖြစ်ကြောင်း ၄င်းကပြောဆိုသည်။ အချို့နိုင်ငံများတွင် ၄င်းဆူပူသောင်းကျန်းသူများအား ပြဿနာတစုံတရာမပေါ်လျှင် ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုရန် ဥပဒေအရတားမြစ်ထားသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သေချာစွာစောင့်ကြည့်ပြီးလျှင် နှောင့်နှေးမှုမရှိဘဲ အခြေအနေကိုထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## ယိုဖိတ်ရေနံပြင် လူဝီစီယားနားစိမ့်မြေတောသို့ ဝင်ရောက်

မက္ကဆီကိုပင်လယ်ကွေ့တွင် ပျက်စီးသွားသော ရေနံတူးစင်မှ အဆက်မပြတ် ထွက်ရှိလျက်ရှိသော ရေနံစိမ်းများသည် အမေရိကန်နိုင်ငံ လူဝီစီယားနား ပြည်နယ်၏ စိမ့်မြေတောအတွင်းသို့ ဝင်ရောက်လာ၍ အဆိုပါပင်လယ်ကွေ့၏ သဘာဝပတ်ဝန်းကျင်ကို ခြိမ်းခြောက်ရုံမျှမက ရေထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကိုပါ ဖျက်ဆီးပစ်မည့်အခြေအနေသို့ ရောက်ရှိနေသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောဆိုသည်။ သမုဒ္ဒရာတွင်းရှိ ရေနံပြင်ကြီးသည် ယခုအချိန်အထိ ကမ်းသို့မရောက်ရှိလာသေးပေ။ ရေနံပြင်၏ အစွန်းပိုင်းသည် စိမ့်မြေအား ကာရံထားသော အပင်များနှင့် သဲသောင်တန်းတို့ကို ကျော်ဖြတ်ဝင်ရောက်လာခြင်းဖြစ်သည်။ ပြည်နယ်၏အထိမ်းအမှတ်ငှက်ဖြစ်သောအညိုရောင်ပီလီကင်ငှက်များသည် ရေအောက်တွင် အစာရှာဖွေစားသောက်ကြခြင်းဖြစ်၍ ၄င်းတို့အတွက် ပို၍ စိုးရိမ်ဖွယ်ရာဖြစ်သည်။(ဆင်ဟွာ)

## သင်္ဘောနစ်မြုပ်ရခြင်းနှင့်ပတ်သက်၍ တောင်ကိုရီးယား၏ စွပ်စွဲချက်ကို မြောက်ကိုရီးယား ငြင်းဆို

တောင်ကိုရီးယားရေတပ် ကင်းလှည့်သင်္ဘော ချိုနန် နစ်မြုပ်ခဲ့ရခြင်းနှင့်ပတ်သက်၍ နိုင်ငံစုံစမ်းစစ်ဆေးရေးအဖွဲ့ကစစ်ဆေးပြီးနောက်၄င်းသင်္ဘောသည် မြောက်ကိုရီးယား ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော တော်ပီဒိုလက်နက်ထိမှန်၍ ပေါက်ကွဲပျက်စီးခဲ့ရခြင်းဖြစ်သည်ဟု ကြာသပတေးနေ့အစောပိုင်းက ထုတ်ဖော်ပြောဆိုသည်။ ဤအချက်မှလွဲ၍ အခြားပေါက်ကွဲနိုင်သော သက်သေအထောက်အထားများ မရှိဟု ကြေငြာချက်တွင် ဖော်ပြထားသည်။ ယင်းအစီရင်ခံစာကို မြောက်ကိုရီးယားဘက်မှ ပယ်ချ၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုရန် ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဟု ပြောဆိုသည်။ (ဆင်ဟွာ)

## အမေရိကန်ကုမ္ပဏီများအတွက် တရုတ်ဈေးကွက်တွင် အခွင့်အလမ်းကောင်းများရှိ

အမေရိကန်သမ္မတ အိုဘားမားက လာမည့်ငါးနှစ်အတွင်း ပို့ကုန်နှစ်ဆတိုး၍အလုပ်အကိုင်အခွင့်အလမ်းနှစ်သန်းဖော်ဆောင်ရန်ရည်မှန်းချက်ချမှတ်ပေးထားခဲ့သည်။တရုတ်နိုင်ငံ၏ လျင်မြန်စွာတိုးတက်လျက်ရှိသော စီးပွားရေးသည် အမေရိကန်ကုမ္ပဏီများအတွက် ကျယ်ပြန့်သောအခွင့်အလမ်းကောင်းများ ပေးအပ်နိုင်လိမ့်မည်ဖြစ်သည်ဟု အမေရိကန် ဘဏ္ဍာရေးဌာန အထက်တန်းအရာရှိတစ်ဦးက ထုတ်ဖော်ပြောဆိုသည်။ တရုတ်-အမေရိကန် ဆက်ဆံရေးသည် ကမ္ဘာ့အတွက် အလွန်အရေးကြီးသည်။တရုတ်ဈေးကွက်သည်အမေရိကန်ထုတ်ကုန်များအတွက် အလွန်ပင်အရေးပါသည်။ ထို့ကြောင့် ဘဏ္ဍာရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် မေလ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ဘေကျင်းမြို့၌ ကျင်းပမည့် အမေရိကန်-တရုတ် မဟာဗျူဟာစီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာ တရုတ်အရာရှိများနှင့် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။ အဓိကအလေးထား၍ ဆွေးနွေးမည့်ကဏ္ဍလေးခုမှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ စီးပွားရေးကိုမျှတစွာတိုးတက်စေ၍ရှင်သန်မှုကိုတိုးမြှင့်ပေးရန်တောင့်တင်းခိုင်မာသောဘဏ္ဍာရေးစနစ်ဖြစ်ထွန်းလာရေးနှင့် နိုင်ငံတကာ ဘဏ္ဍာရေးနှင့် စီးပွားရေးအဆောက်အအုံ ပြင်ဆင်ဖွဲ့စည်း၍ တောင့်တင်းခိုင်မာစေရန်တို့ပါဝင်လေသည်။ (ဆင်ဟွာ)

## ထိုင်းတပ်ဖွဲ့များက ဘန်ကောက်မြို့တွင် စစ်သွေးကြွများအား လိုက်လံရှာဖွေ

ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်၏ အရောင်းအဝယ်စည်ကားရာရပ်ကွက်တွင်ရက်သတ္တခြောက်ပတ်ကြာစုရုံးဆန္ဒပြမှုများကိုစစ်တပ်မှဝင်ရောက်ဖြိုခွဲခဲ့ရာဆန္ဒပြသမားများကမြို့အတွင်းရှိ အကြီးဆုံးသော ကုန်တိုက်ကြီးအပါအဝင် နေရာဌာန ၃၅ခု၌ မီးရှို့မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့အထဲတွင် ထိုင်းနိုင်ငံ စတော့ရှယ်ယာရောင်းဝယ်ရာ ဒိုင်ကြီးလည်း ပါဝင်သွားခဲ့သည်။ ဆန္ဒပြအဖွဲ့ခေါင်းဆောင် မူဆီကပေါင်နှင့် အခြားခေါင်းဆောင် ၈ဦးတို့ ရဲတပ်ဖွဲ့ထံအညံ့ခံဝင်ရောက်လာခဲ့ကြသည်။မူဆီကပေါင်ကဆန္ဒပြသူများအားယခုကဲ့သို့လက်စားချေဆူပူသောင်းကျန်းနေခြင်းဖြင့် ဒီမိုကရေစီ ရနိုင်မည်မဟုတ်သဖြင့် အေးချမ်းစွာ လူစုခွဲရန် မေတ္တာရပ်ခံခဲ့သည်။ ဘန်ကောက်မြို့အပါအဝင် ပြည်နယ်ပေါင်း ၂၃ခုတွင် အရေးပေါ်အမိန့်ထုတ်ပြန်ထားသည်။ လုံခြုံရေးတပ်ဖွဲ့များ၏ ရှင်းလင်းရေးလုပ်သားများသည် စနေနေ့ထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတဝှမ်း အစိုးရရုံးများ၊ ကျောင်းများနှင့် ဘဏ်များကို ပိတ်ထားခဲ့သည်။ လက်ရှိပဋိပက္ခသည် နယ်မြို့များသို့ ကူးစက်သွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ (အေအက်ဖ်ပီ)

## မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ပိတ်ဆို့မှုအသစ်များ ချမှတ်ဖွယ်ရှိ

တောင်ကိုရီးယား၏ ကင်းလှည့်စစ်ရေယာဉ် နစ်မြုပ်မှုနှင့်ပတ်သက်၍ အမေရိကန်သမ္မတအိုဘားမား၏အစိုးရအဖွဲ့သည်မြောက်ကိုရီးယားနိုင်ငံအပေါ်တားမြစ်ပိတ်ဆို့အရေးယူမှုများကို တိုးမြှင့်ပြုလုပ်၍ တောင်ကိုရီးယားနိုင်ငံနှင့် ရေတပ်စစ်ရေးလေ့ကျင့်မှုများကို ပိုမိုပြုလုပ်သွားရန်ရှိသည်ဟု ဝေဖန်အကဲခတ်သူများက ထုတ်ဖော်ပြောဆိုကြသည်။ ၎င်းပြင် မစ္စတာအိုဘားမားသည် ၂နှစ်ကြာ ဆိုင်းငံ့ထားခဲ့သော ခြောက်ပါတီ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲများကိုလည်း အကန့်အသတ်မရှိ ရပ်ဆိုင်းထားဖွယ်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံအား အကြမ်းဖက်တိုက်ခိုက်မှုကို ထောက်ခံအားပေးသည့် နိုင်ငံအဖြစ် လူဆိုးစာရင်းတွင် ပြန်လည်ထည့်သွင်းဖွယ်ရှိသည်ဟု သိရှိရသည်။ရေတပ်စစ်ရေးလေ့ကျင့်မှုများကို ယခင်ကကဲ့သို့ အရှေ့ဘက်ကမ်းခြေတွင် မပြုလုပ်ဘဲ အခင်းဖြစ်ပွားသော အနောက်ဘက်ကမ်းခြေ နယ်စပ်အနီးတွင် ပြုလုပ်မည်ဖြစ်သည်။ အဆိုပါလေ့ကျင့်မှုတွင် ရေမြုပ်မိုင်းများ တော်ပီဒိုများ ရှာဖွေရှင်းလင်းသည့် နည်းပညာများကို ပြသမည်ဖြစ်သည်ဟု သိရှိရသည်။(အေအက်ဖ်ပီ)

# သတင်းအတို

## မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် အဆိုပြုလွှာများတင်သွင်းမည်

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာ အသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးကိုလာမည့် ဩဂုတ်လတွင်ကျင်းပရန်စီစဉ်လျက်ရှိသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အလုပ်အမှုဆောင်သစ်များကို တိုးချဲ့ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အသင်းဝင်သက်တမ်းသုံးနှစ် ပြည့်ပြီးသော MCIA အသင်းဝင်များ အနေဖြင့် ပါဝင်ရန်ဆန္ဒရှိပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်း ( MCIA) Myanmar Info- Tech, ( Hlaing Campus) ဖုန်း - ၆၅၂၂၃၈သို့ မေ ၂၀ရက်နောက်ဆုံးထား၍ အသင်းဝင်အဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်း ၂၀၁၀ခုနှစ် မေလ ၁၅ရက်နေ့ထုတ် ကြေးမုံသတင်းစာ တွင်ဖော်ပြထားပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖီဂျီသမ္မတနိုင်ငံတို့အကြားသံတမန်အဆက်အသွယ်ပြုလုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဖီဂျီသမ္မတ နိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်း ရှင်းတို့နှင့် အညီနှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိသည့် အားလျော်စွာ ၂၀၁၁ခုနှစ် မေ၁၀ရက်မှ စတင်၍ နှစ်နိုင်ငံ အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်သည်။ ယင်းကဲ့သို့ နှစ်နိုင်ငံသံမန်အဆက်အသွယ် ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဖီဂျီအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၀ခုနှစ်မေ ၁၀ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖီဂျီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၁) နိုင်ငံမြောက် သံတမန်အဆက် အသွယ်ထူ ထောင်သည့် နိုင်ငံဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၁၄ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ပန်းလှိုင်မြစ်တိမ်ကောမှု ဆင်မလိုက်ထိရောက်နိုင်

ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ပန်းလှိုင်မြစ်တိမ်ကောမှုသည် ယခုလက်ရှိအချိန်တွင် လှိုင်သာယာနည်းပညာတက္ကသိုလ်သို့တိုင်အောင် ရောက်ရှိနေပြီး နောက်ပိုင်းတွင် ဆင်မလိုက် သင်္ဘောကျင်းထိတိုင်အောင် တိမ်ကောမှုများရှိလာနိုင်သည်ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ " မဲဇလီဘက်မှာ စိုက်ပျိုးရေးတွေတိုးချဲ့တယ်။ တံငါသည်တွေကျားပိုက်တွေထောင်တယ်။ နောက်ပန်းလှိုင်မြစ်က ဒိုက်အဆင်းများတယ်။ အဲလိုဖြစ်ရပ်တွေက ရေစီးရေလာကို အနှောင့်အယှက်ဖြစ်ပြီးအနည်ကျစေတယ်။ မဲဇလီပိုင်းကနေစပြီး ခန်းခြောက်တာ ပန်းလှိုင်အောက်ကို ရေမရောက်တော့ဘဲ ပန်းလှိုင်မြစ်ထဲ ရေမဝင်တော့ ကုက္ကိုဝမြစ်ထဲဝင်တဲ့ မြစ်ကြောင်းပျောက်ကွယ်သွားတယ်။ အပေါ်ရေစီးမရှိတဲ့အတွက် အောက်ကအနည်ထိုင်ပြီး အောက်ကပါ ကောကောလာတာနည်းပညာကောလိပ်မှာ ရေစစ်ချိန်ဆို မြောင်းသာသာပဲရှိတော့တယ်။ နောက်ပိုင်းဆင်မလိုက်ထိ ရေတွေခန်းခြောက်နိုင်တယ်" ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယခုလက်ရှိအချိန်တွင် ကမ်းပြိုကာကွယ်ရေး၊ လှိုင်မြစ်တစ်လျှောက် ရေလမ်းပြအမှတ်အသားပြခြင်း၊ တွံတေးတူးမြောင်ဖြတ်မယ့်သင်္ဘောတွေကို ရေကြောင်းလမ်းပြုလုပ်ခြင်းနှင့် ရေဘက်ဆိုင်ရာအကြံဉာဏ်များပေးခြင်းတို့ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် မေလ ၁၉ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကုန်တင်ခ အပြောင်းအလဲရှိ

သင်္ဘောကုန်တင်ခ နှုန်းထားကို အပြည်ပြည်ဆိုင်ရာ သင်္ဘောလိုင်းက နှုန်းထားတွေပေါ်မူတည်ပြီးပြောင်းလဲကောက်ခံမယ်လို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတာဝန်ရှိသူတစ်ဦး ဆီက သိရပါတယ်။ သူက ' သင်္ဘောလုပ်ငန်းက စက်သုံးဆီဈေးတက်ရင် လိုက်တက်မယ်၊ ဒေါ်လာနဲ့ လဲဆက်စပ်နေတယ်၊ ကမ္ဘာ့သင်္ဘောကုန်တင်ခနှုန်းအတိုင်းပြောင်းသွားမယ်'လို့ပြောပါတယ်။ အခုအခါ မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ကုမ္ပဏီအနေနဲ့ဖြစ်သွားပြီမို့ ဈေးနှုန်းအပြောင်းအလဲကို အချိန်နဲ့အညီ ပြင်ဆင်နိုင်မှာ ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှုက ယခင်သင်္ဘော လိုင်းတွေအတိုင်းပဲသွားမယ်လို့ဆိုပါတယ်။ သင်္ဘောအစီးရေတိုးချဲ့ရင် သင်္ဘောဝန်ထမ်းတွေကိုလည်း တိုးပြီးခန့်ထားဖို့ရှိတယ် လို့ သိရပါတယ်။ လက်ရှိပြေးဆွဲနေတဲ့ သင်္ဘောတွေထဲက စီးပွားရေးတွက် ခြေမကိုက်တဲ့ သင်္ဘောတွေကို ရောင်းပြီး သင်္ဘောအသစ်ထပ်ဝယ်ဖို့ရှိတယ်လို့ဆိုပါတယ်။ တာဝန်ရှိသူတစ်ဦးက 'ကမ္ဘာ့စီးပွားရေးကောင်းရင် ကောင်းသလို လုပ်သွားမှာပါ၊ စီးပွားရေးတွက်ခြေမကိုက်တဲ့ သင်္ဘောတွေက အိန္ဒိယကို ပြေးဆွဲတဲ့ လိုင်းတွေလဲဖြစ်နိုင်တယ်၊ ကမ်းရိုးတန်းမှာ ပြေးဆွဲနေတဲ့လိုင်းကလဲ ဖြစ်နိုင်တယ်၊ ကုန်ရတဲ့ အပေါ်မူတည်ပြီး ပြောင်းသွားမယ်'လို့ပြောပါတယ်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ၁၉၁၉ခုနှစ်ကစတင်တည်ထောင်ခဲ့ပြီး အခုလက်ရှိနိုင်ငံခြားသင်္ဘောလိုင်းမှာ ၁၇စီး၊ ကမ်းရိုးတန်းလိုင်းမှာ ရှစ်စီးနဲ့ပြေးဆွဲနေကြောင်း ၂၀၁၀ခုနှစ် မေလ ၁၄ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာသည် ယခုနှစ် ကမ္ဘာ့ဆန်ဈေးကွက်၏ အဓိကဦးဆောင်နိုင်ငံဝင်ဖြစ်လာနိုင်ဟု FAO ဆို

မြန်မာနိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံသည် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ ဆန်ဈေးကွက်၏ အဓိက ဦးဆောင်နိုင်ငံများ ဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ( FAO) က ယင်း၏ ဝက်ဘ်ဆိုက်တွင် ၁၁-၅-၂၀၁၀ရက်က တရားဝင်ထုတ်ပြန်ပြောကြားသည်။ မြန်မာ၊ တရုတ်၊ထိုင်း၊ အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ယခုနှစ် ကမ္ဘာ့ဆန်ဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်ခြေရှိကြောင်း၊ ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည်ယခု နှစ်တွင် ပိုမိုတိုးတက်လာနိုင်ပြီး စုစုပေါင်း ဆန်မက်ထရစ်တန် သန်း ၇၂၀ ထိထုတ်လုပ်နိုင်ခြေရှိကြောင်း ၊ အာရှနိုင်ငံများမှ မက်ထရစ်ကန် ၆၄၃သန်းထုတ်လုပ်ပြီး ၂၀၀၉ခုနှစ်ထက် ၂၉သန်း ပိုမိုထုတ်လုပ်နိုင်ခြေရှိကြောင်း FAO ကပြောသည်။ " အာရှနိုင်ငံတွေရဲ့ ဆန်ထုတ်လုပ်တင်ပို့မှုဟာ ပြီးခဲ့တဲ့နှစ်က ကျဆင်းခဲ့ပေမယ့် ဒီနှစ်မှာ ပြန်လည်တိုးတက်လာနိုင်ခြေရှိပါတယ်" ဟု FAO ကပြောသည်။ ယခုနှစ်တွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်၊ အီရတ်၊ နီပေါ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ ဥရောပနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိက နိုင်ငံများ၏ ဆန်ဝယ်ယူစားသုံးမှု ပိုမိုတိုးတက်လာနိုင်ကြောင်းသိရသည်။ ကမ္ဘာ့ဆန်ဈေးနှုန်းသည် ယခုနှစ်ဇန်နဝါရီလတွင် စတင်ကျဆင်းနေကြောင်း၊ ယခင်နှစ်က အယ်လ်နီညို ရာသီဥတုကြောင့် အာရှနှင့် အမေရိကနိုင်ငံများ၏ သီးနှံထုတ်လုပ်မှု ကျဆင်းခဲ့ပြီး စာရင်းဇယားများအရ လက်တင်အမေရိက၊ ဥရောပ၊ မြောက်အမေရိကတို့တွင် တိုးတက်ခဲ့ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းစတင်တည်ထောင်

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်ခြင်းနှင့် အလှူငွေကျပ် ၇၂၀၉သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ IBC ခန်းမတွင် မေ ၁၅ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။ ယင်းအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး( ၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင် ရခြင်းနှင့် ပတ်သက်သည့် အကြောင်းများရှင်းလင်း ပြောကြားခဲ့သည်။ ယင်းနောက် အလှူရှင်များလှူဒါန်းသည့် ငွေသားကျပ် ၇၀၃၁သိန်းသုံးထောင့်ငါးရာနှင့် ၁၇၈သိန်းလေးသောင်းတန်ဖိုးနှင့်ညီမျှသည့် စာအုပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရာသီဥတုပြောင်းလဲခြင်းအကျိုးသက်ရောက်မှုအကြောင်း ဟောပြောမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူး၍ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုအကြောင်း ဟောပြောပွဲကို မေ ၂၁ရက်(သောကြာနေ့) နံနက် ၉နာရီခွဲတွင် အမှတ် ၂၄၉သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## တွံတေးတူးမြောင်း ကမ်းပါးပြိုခြင်းမှ ကာကွယ်ရန် ကမ်းထိန်းနံရံများ တည်ဆောက်သွားမည်

တွံတေးတူးမြောင်း ကမ်းပါးပြိုခြင်းမှ ကာကွယ်ရန် ကမ်းထိန်းနံရံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ တွံတေးတူးမြောင်းတွင် တည်ဆောက်ရန် လိုအပ်သည့် ကမ်းထိန်းနံရံ ပေ ၈၀၀အနက် ပေ ၆၀၀ ကို ယခုနှစ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ " အခုတည်ဆောက်မဲ့ ကမ်းထိန်းနံရံက အရင်က တူးမြောင်းတိုးချဲ့ခဲ့တဲ့ နေရာမှာ တည်ဆောက်သွားမှာပါ။ ဒီလိုကမ်းထိန်းနံရံ တည်ဆောက်တဲ့အတွက် တူးမြောင်းအတွင်း ဖြတ်သန်းသွားလာနေတဲ့ သင်္ဘောတွေ အခက်အခဲမရှိ သွားလာနိုင်မှာပါ " ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းတွံတေးတူးမြောင်းသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်က ဖောက်လုပ်ထားသောတူးမြောင်းဖြစ်ပြီး ယခင်နှစ်က မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ အဆောက်အအုံများ ပျက်စီးခဲ့ဖူးကြောင်း သိရသည်။ " အရင် ဒီတူးမြောင်းက ရေစီးအရမ်းသန်တယ်။ ဖြတ်သန်းမယ့် သင်္ဘောတွေကိုတောင် အချိန်နဲ့ ဖြတ်သန်းခွင့်ပြုထားရတာပါ။ ဒါပေမဲ့ ခုတူးမြောင်းချဲ့ထွင်လိုက်တဲ့အတွက် သင်္ဘောတွေအနေနဲ့ အချိန်ပြည့်နီးပါး ဖြတ်သန်းနိုင်ပါပြီ။ အခုကမ်းထိန်းနံရံတွေ တည်ဆောက်ဖို့ စီစဉ်တာပါ " ဟု ယင်းကပြောသည်။ အဆိုပါ ယခုနှစ်တည်ဆောက်မည့် ကမ်းထိန်းနံရံ ပေ ၆၀၀ တည်ပြီးပါက နောက်နှစ်များတည်ဆောက်ရန် လိုအပ်သည့် ကမ်းထိန်းနံရံများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၁၈ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းရှိသွားလာရန်ခက်ခဲသည့် ဒေသများသို့ပြေးဆွဲရန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုမှ မြန်မာ့လေကြောင်းလိုင်းနှင့် ပူးပေါင်း၍ လေကြောင်းလိုင်းသစ်ထူထောင်မည်ဟု သိရ

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုမှ လေကြောင်းလိုင်းသစ်တည်ထောင်၍ ပြည်တွင်းရှိသွားလာရန် ခက်ခဲသည့် ဒေသများသို့ မြန်မာ့လေကြောင်းလိုင်းနှင့် ပူးပေါင်းပျံသန်းပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းစုတစ်ခုမှ တိုင်းရင်းသားပိုင်ပုဂ္ဂလိက လေကြောင်းလိုင်းသစ်တစ်ခုကို တည်ထောင်ကာ မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများ လက်ရှိပြေးဆွဲပေးနေခြင်း မရှိသော သွားလာရန်ခက်ခဲပြီး လေယာဉ်ကွင်းရှိရာမြို့များသို့ ကူးသန်းသွားလာနိုင်သည့် လေကြောင်းခရီးစဉ်များကို မြန်မာ့လေကြောင်းလိုင်းနှင့် ပူးပေါင်းပျံသန်းသွားရန် စီစဉ်နေကြောင်းသိရသည်။ မြန်မာ့လေကြောင်း၏ UBAမှ BAC အဖြစ်သို့ ပြောင်းလဲလိုက်ချိန်တွင် ခရီးသည် ၂၀ဦးဆန့်သော တွင်းအော်တာလေယာဉ် ၈ စင်းဝယ်ယူကာ သွားလာရန်ခက်ခဲသည့်ဒေသများဖြစ်ပြီး လေယာဉ်ကွင်းငယ်များရှိသော ကျောက်တု၊ ပလက်ဝ၊ ပေါက်၊ ဖာပွန်၊ ဖားအံ၊ ပုလော၊ ပုလဲကျွန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာလေ၊ မိုင်းယောင်း၊ လုံးခင်း၊ တနိုင်း၊ နောင်မွန်း၊ နမ္မတူ၊ မိုးမိတ် စသောဒေသများသို့ ပြေးဆွဲခြင်းများရှိခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် အကြောင်းကြောင်းကြောင့် ရပ်တန့်သွားခဲ့ပြီး ယခုအခါတွင် အဆိုပါခရီးစဉ်များကို ပြန်လည်ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၁၉ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပါမောက္ခ ဒေါက်တာတင်စိုးမှ - "မြန်မာ့စီးပွားရေးတိုးတက်မှုအလားအလာများကို မြန်မာ့ထုံးတမ်းစဉ်လာအယူအဆများ နှင့်ဂလိုဘယ်လိုက်ဇေးရှင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့်ဟောပြောမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ် ၊ ဇန်နဝါရီလ ၊(၇)ရက်နေ့မှစ၍ (၂)ပတ်လျှင် တစ်ကြိမ်ကျင်းပလျှက်ရှိရာ ၂၀၁၀ခုနှစ်တွင်လည်း (၂) ပတ်လျှင်တစ်ကြိမ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၁၀/၂၀၁၀) တွင် ပါမောက္ခ ဒေါက်တာတင်စိုးမှ - " PROSPECTS OF MYANMAR ECONOMIC DEVELOPMENTS: AND APPROACH FROM THE COMCEPT OF MYANMAR TRADITION AND PROCESS OF GLOBALIZATION" "မြန်မာ့စီးပွားရေးတိုးတက်မှုအလားအလာများကို မြန်မာ့ထုံးတမ်းစဉ်လာအယူအဆများ နှင့်ဂလိုဘယ်လိုက်ဇေးရှင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂၀၁၀ခုနှစ် ၊ မေလ (၂၂)ရက်(စနေနေ့) နေ့လည် (၂း၀၀)နာရီတွင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ကြောင်းဖိတ်ကြားအပ်ပါသည်။

(ခေတ်လူငယ်)

## ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနှင့် အင်ဒိုချိုင်းနား ၃ နိုင်ငံတွင် ဈေးကွက်သစ်ရှာဖွေရန် Siam ဘဏ်အကြံပေး

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား အင်ဒိုချိုင်းနားနိုင်ငံ ၃ ခုနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းသစ်များ ရှာဖွေသင့်ကြောင်း Siam Commercial Bank ၏ စီးပွားရေး စုံစမ်းစင်တာမှ အကြံပေးတိုက်တွန်းသည်။ ယင်းကဲ့သို့ အကြံပေးခြင်းမှာ ၂၀၀၉ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၂ ဒသမ ၅ ဘီလျံ ရှိခဲ့သော်လည်း တဖြည်းဖြည်းချင်း လျော့ကျမှုများဖြစ်ပေါ်လာရာ ပထမ လေးပတ်အရောက် ၁ ဒသမ ၂ ဘီလျံသို့ ရောက်ရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ အဆိုပါစင်တာမှ မစ္စတာSethaput Suthiwartnarueput က " ထိုင်းမှာ နိုင်ငံရေးအရှုပ်အထွေး ဖြစ်မှုကြောင့် ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေဟာ နိုင်ငံခြားဈေးကွက်ကို ရောက်သွားတယ် ” ဟုဝေဖန်သုံးသပ်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ပတ်သက်ပါက ရင်းနှီးမြှုပ်နှံမှုပြုရန် အလားအလာကောင်းသောနိုင်ငံ ဖြစ်သကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည် အင်တာနက်နည်းပညာတွင် ရင်းနှီးမြှုပ်နှံပါက အခွင့်အလမ်းများပြားကြောင်း၊ ဗီယက်နမ်နိုင်ငံသည်လည်း ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ဖျော်ရည်၊ ယမကာလုပ်ငန်း စသည်တို့၌ ရင်းနှီးမြှုပ်နှံပါက အလားအလာကောင်းနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ လက်ရှိထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေကြောင်း ၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနှိုင်းမဲ့အဖော်</u>

"လောကမှာ သူတော်ကောင်းပုဂ္ဂိုလ်တွေ အများကြီးရှိကြတယ်။ အဲဒီသူတော်ကောင်းပုဂ္ဂိုလ်တွေက မေတ္တာပို့စရာရှိရင်လည်း သဒ္ဓါတရားရှိသူကိုပဲ အရင်ဆုံးပို့ကြတယ်၊ ကြွရောက်စရာရှိရင်လည်း သဒ္ဓါတရားရှိသူဆီကိုပဲ အရင်ဆုံးကြွရောက်ကြတယ်၊ အလှူခံစရာရှိရင်လည်း သဒ္ဓါတရားရှိသူဆီကပဲ အရင်ဆုံး အလှူခံကြတယ်၊ တရားဟောစရာရှိရင်လည်း သဒ္ဓါတရားရှိသူကိုပဲ အရင်ဆုံး ဟောကြတယ်၊ သဒ္ဓါတရားရှိသူဟာ သေလွန်ရင်လည်း လူ့ပြည် နတ်ပြည် ကောင်းရာသုဂတိကိုပဲ ရောက်နိုင်တယ်"

လို့ သဒ္ဓသုတ္တန်မှာ မြတ်စွာဘုရားရှင်က သဒ္ဓါတရားရှိသူရဲ့ အကျိုးရလဒ်ကို ငါးမျိုး ဟောကြားတော်မူထားပါတယ်။

ပညာရှိသူတော်ကောင်းတွေဟာ သဒ္ဓါတရားရှိတဲ့ သူတွေကိုပဲ အဓိက ပဓာနထားပြီး ချီးမြှောက်ကြတာပါ။ မေတ္တာ၊ ကရုဏာအရ အားလုံးကို ချီးမြှောက်ချင်ပေမယ့် အချီးမြှောက်ခံမယ့်ပုဂ္ဂိုလ်က သဒ္ဓါတရားလုံးဝမရှိရင်၊ ဒါမှမဟုတ် သဒ္ဓါတရား အားနည်းနေရင် ဘယ်လိုမှ ချီးမြှောက်လို့မရပါဘူး။

လယ်သူမလေး မိပေါက် မကြာခင်မှာ မြွေကိုက်ခံရပြီး သေတော့မယ်ဆိုတာ သိလို့ ကောင်းရာသုဂတိရောက်အောင် ချီးမြှောက်ချင်တဲ့ အရှင်မဟာကဿပ . . .မချီးမြှောက်ခင် "မိပေါက်မှာ သဒ္ဓါတရားရှိသလား၊ မရှိဘူးလား" ဆိုတာကို အရင်ဆုံး ဆင်ခြင်ကြည့်ရပါတယ်။ သဒ္ဓါတရားဓာတ်ခံရှိတယ်ဆိုတာ သေချာသိမှ လယ်တောကို ဆွမ်းခံကြွပြီး မိပေါက်လှူတဲ့ ပေါက်ပေါက်မုန့်တွေကို လှူခံချီးမြှောက်တော်မူပါတယ်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်အားလုံး ဘယ်သူ့ကိုပဲ ချီးမြှောက်ချင် ချီးမြှောက်ချင် သဒ္ဓါတရားရှိ-မရှိ အရင်ဆုံး ကြည့်ရတာချည်းပါပဲ။ ပုထုဇဉ်ရဟန်းတော်တွေလည်း ဒကာဒကာမတွေကို ချီးမြှောက်ချင်တိုင်း ချီးမြှောက်လို့မရပါဘူး။ သဒ္ဓါတရား အနု-အရင့်၊ အထူ-အပါး ကိုကြည့်ပြီးတော့ပဲ ထိုက်တန်သလို ချီးမြှောက်ကြရတာပါ။

"တို့ဆရာတော် အဲဒီဒကာ၊ အဲဒီဒကာမနဲ့ တွေ့တာ ဘယ်လောက်မှမကြာသေးပါဘူး၊ ဘာလို့များ ဒီလောက်တောင် ဦးစားပေးနေရတာလဲ အသိဘူး"

"တို့က ဆရာတော်နဲ့ ရင်းနှီးနေတာ ကြာလှပြီ၊ သူတို့က မနေ့တစ်နေ့ကမှ ရင်းနှီးတဲ့သူတွေ၊ ဆရာတော်က သူတို့ကို တို့ထက်တောင် အရေးပေးသေးတယ်"

"ဆရာတော်က အသစ်တွေ့ရင် အဟောင်းမေ့တတ်တယ်"

စသည်အားဖြင့် ဆရာတော်တစ်ပါးပါးရဲ့ ဒကာ ဒကာမတချို့ ပြောဆိုကြတာဟာ သဒ္ဓါတရားရဲ့ သဘောသဘာဝကို နားမလည်ကြလို့ပါ။

ပညာရှိသူတော်ကောင်းတွေရဲ့ တရင်းတနှီး ဦးစားပေး ချီးမြှောက်မှုကို ခံယူရဖို့ဆိုတာ တွေ့ဆုံမှုအချိန်တိုတောင်းတာ၊ မတိုတောင်းတာနဲ့ ဘာမျှ မပတ်သက်ပါဘူး၊ သဒ္ဓါတရားအားကောင်းတာ၊ မကောင်းတာနဲ့ပဲ ပတ်သက်ပါတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ အထူးချီးမြှောက်မှုကို ခံယူချင်ရင် ကိုယ့်ရင်ထဲက သဒ္ဓါတရာကို အားကောင်းသထက်ကောင်းအောင် ကြိုးစားမြှင်တင်နေရုံပါပဲ။

ဒါ့ကြောင့်လည်း သဒ္ဓါတရားကို အကောင်းဆုံးအရင်းအနှီး၊ အနှိုင်းမဲ့ အရင်းအနှီးလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာပါ။ လုပ်ချင်စိတ်နဲ့ လုပ်ရည်ကိုင်ရည်ဘယ်လောက်ပဲရှိရှိ၊ အရင်းအနှီးမရှိဘူးဆိုရင် ဘာစီးပွားရေးမှ လုပ်လို့မရသလို အခြေအနေနဲ့ အခွင့်အလမ်း ဘယ်လောက်ပဲကြုံကြုံ၊ သဒ္ဓါတရားမရှိဘူးဆိုရင် ဘာကုသိုလ်ကောင်းမှုမှ မပြုဖြစ်ပါဘူး။

ငွေအရင်းအနှီးရှိသူအတွက် အခြေအနေတိုင်းက ငွေဝင်ပေါက်ဖြစ်နေသလို သဒ္ဓါအရင်းအနှီးရှိသူအတွက် အဖြစ်အပျက်တိုင်းက ကုသိုလ်ဝင်ပေါက်ဖြစ်နေပါတယ်။

သဒ္ဓါတရားသာရှိရင် အာရုံတိုင်းဟာ ကုသိုလ်အာရုံတွေချည်းပါ။ သဒ္ဓါတရားသာရှိရင် နေရာတိုင်းဟာ ကုသိုလ်နေရာတွေချည်းပါ။ သဒ္ဓါတရားသာရှိရင် အလုပ်တိုင်းဟာ ကုသိုလ်အလုပ်တွေချည်းပါ။ သဒ္ဓါတရားသာရှိရင် အချိန်တိုင်းဟာ ကုသိုလ်အချိန်တွေချည်းပါ။ ကုသိုလ်စီးပွားနဲ့ တရားရတနာဟာ သဒ္ဓါအရင်းအနှီးရှိသူတွေအတွက်သာ သီးခြားဖြစ်ထွန်းနေတဲ့ သဘာဝအခွင့်အရေးတွေပါပဲ။

ဆက်ရန်

# ဟာသ

## တိတိကျကျ

ဆရာဝန် - ဒီမနက်ခင်ဗျားကိုမြင်ရတာ တော်တော်သက်သာလာပုံပဲ။ ကျွန်တော့်မှာတဲ့အတိုင်း လိုက်နာလို့ဖြစ်ရမယ်။ ဆေးညွှန်းကလဲ အံ့သြစရာကောင်းလောက်အောင် အစွမ်းပြတာပဲ။ ဒါ ဒါပေမဲ့ ခင်ဗျားဆေးမသောက်ဘူးထင်တယ်။
လူနာ - မသောက်ဘူးဆရာ။ ဆေးပုလင်းပေါ်မှာ ရေးထားတာက ပုလင်းအဖုံးကို တင်းကြပ်စွာပိတ်ထားပါတဲ့။

## ခုတစ်မျိုး တော်ကြာတစ်မျိုး

သိပ်ချောတဲ့ ကောင်မလေးတစ်ယောက်နဲ့ တော်တော်ရုပ်ဆိုးတဲ့ ဘွားတော်ကြီးတစ်ယောက် ဆရာဝန်ရဲ့ ဆေးခန်းထဲအတူဝင်လာကြတယ်။
"နေမကောင်းလို့ကြည့်ပေးပါဦးဆရာ"လို့ ကောင်မလေးကပြောတယ်။
"ဟုတ်ပြီ၊ ဟိုခန်းဆီးနောက်မှာ သွားပြီး မင်းရဲ့ အဝတ်တွေချွတ်လိုက်"လို့ ဆရာဝန်က ဆိုတယ်။
"ကျွန်မ မဟုတ်ဘူးဆရာ၊ နေမကောင်းတာက ဒီအဒေါ်ကြီးပါ" လို့ ကောင်မလေးက ပြောတယ်။
"ဟုတ်လား၊ ကဲဘွားတော်၊ လျှာထုတ်စမ်း"လို့ ဆရာဝန်ကဆိုပါတယ်။
ဂျလုံး

## မွေးနေ့လက်ဆောင်

"ကျွန်မရဲ့မွေးနေ့မှာ ရှင်ဘာလက်ဆောင်ပေးမလဲ"
"နောက်နှစ်မှာ နားကပ်တစ်ရံ လက်ဆောင်ပေးမယ်"
"ခုနှစ်မွေးနေ့အတွက်ကော"
"ဒီနှစ်တော့ နားနှစ်ဘက်ကို ဖောက်တာပေါ့"

## မိန်းမယူတယ်ဆိုတာ

"မိန်းမယူတယ်ဆိုတာ သူငယ်ချင်းတွေနဲ့ ပျော်ပွဲစားရုံသွား စားသောက်ရသလိုပဲ၊ ခင်ဗျားစားချင်တာ ခင်ဗျားမှာလိုက်တယ်၊ အဲ သူများ မှာတာတွေ့တဲ့အခါကျတော့ သူတို့မှာသလို မှာချင်တဲ့ စိတ်ပေါ်လာတတ်တယ်"

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

May 21th မှ May 27th ကြား

ထက်ထက်မြက်မြက်နှင့် လုပ်ငန်းများလုပ်ကိုင်နိုင်မည်။ ပြဿနာများကိုဖြေရှင်းနိုင်မည်။ ဆောင်ရွက်ထားသည်များမှ ထူးခြားသော အကျိုးဆက်ရရှိမည်။ သူတစ်ပါးအပေါ် အမိန့်ပေးလွှမ်းမိုးနိုင်သည်။ လုပ်ငန်းဟောင်းများကို အပြီးသတ်အောင်ဆောင်ရွက်နိုင်မည်။ အကုန်အကျများမည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်နိုင်မည်။ အလုပ်တိုးတက်မည်။ ဘဝအဆင့်တိုးတက်သောကာလဖြစ်သည်။ မိသားစုနှင့် ပတ်သက်သောကိစ္စများဆောင်ရွက်အောင်မြင်သော အနေအထားရှိမည်။ မြှုပ်နှံထားသည်မှ အကျိုးကောင်းရမည်။ လူမျိုးကွဲ၊ လူမျိုးခြား၊ တိုင်းတစ်ပါးနှင့်ပတ်သက်၍ အကျိုးရှိမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

May 21th မှ May 27th ကြား

မနေလိုသော နေရာ၌ အိုးအိမ်နေရာထိုင်ခင်း ရရှိမည်။ မသွားလိုသောခရီးများ သွားရမည်။ မိတ်ကောင်း၊
ဆွေကောင်း အထောက်အကူရမည်။ ကာလအတန်ကြာ အာသီသပြင်းထန်နေသည့် ကိစ္စတစ်ခု ဆန္ဒပြည့်
မြောက် ပြည့်စုံသွားမည်။ ပိုင်ဆိုင်မှု တိုးပွားမည်။ လက်လွှန်ထားသောငွေများ ပြန်ရမည်။ ငွေကြေးနှင့် ပတ်
သက်သည့် ကိစ္စများ အဆုံးစွန်ရောက်အောင် ရှုပ်ထွေးသွားပြီး ထူးခြားသော အဆင်ပြေမှုရမည်။ တစ်ပါး
သူစကား နားမယောင်ရ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အလုပ်များဆောင်ရွက်ပါ။ အရပ်တစ်ပါးသို့ သွား
ရောက်လုပ်ကိုင် အကျိုးပေးမည်။ အလှူမင်္ဂလာတစ်ခုသို့ သွားရောက်ရမည်။ အရပ်ဝေးမှ

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

May 21th မှ May 27th ကြား

ရပ်တန့်ထားသောလုပ်ငန်းများပြန်လည်လုပ်ကိုင်၍ အကျိုးရှိမည်။ ဆိုင်းငံ့ထားသည့်ကိစ္စများကို လည်း ရှေ့တိုးနိုင်မည်။ အလုပ်နေရာလုပ်ငန်းစီးပွားနှင့်ပတ်သက်သည့်နေရာထိုင်ခင်းများ အပြောင်းအလဲရှိမည်။ မိသားစုနေထိုင်သော အိမ်ယာကိစ္စအတွက် စကားပြောဆိုရမည်။ အရာရာဖရိုဖရဲလက်သင့်သလိုလုပ်နေရမည်။ အရာရာအစီအစဉ်တကျလုပ်၍ မရ။ အတူတကွပူးတွဲလုပ်သော သူများနှင့်လမ်းခွဲရမည်။ အစုစပ်ရှယ်ယာခွဲခြင်း၊ ငွေပြန်လည်ထုတ်ယူခြင်းကိစ္စများဖြေရှင်းရမည်။ လုပ်ငန်းခွင်မှသူများအလုပ်ကို အခြေတည်သောကိစ္စများအဆင်ပြေမည်။ ပြန်လည်ရရှိလိမ့်မည်ဟု မျှော်လင့်ချက်မထားတော့သော အခွင့်အရေးများလက်ဝယ်ပြန်ရမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးပဋိပက္ခရှိမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

May 21th မှ May 27th ကြား

ဦးတည်လိုက်တိုင်းဆောင်ရွက်မှုတိုင်း၌ အနှောင့်အယှက်များ၊ အခက်အခဲများပြည့်နှက်နေသည်။ လူယုံဒုက္ခပေးလိမ့်မည်။ ယုံကြည်ရသည်ဟူ၍ ထင်မှတ်ယူဆပြီးကိုယ်ရေးကိုယ်တာမှ အစလျှို့ဝှက်ချက်အလုံးစုံကို ဖွင့်ဟတိုင်ပင်ရာမှ စကားရှုပ်ထွေးမှုများပြုခြင်းခံရကာ နာမည်သိက္ခာ ထိခိုက်သွားနိုင်သည်။ လုပ်ကိုင်ရင်းမနိုင်မနင်းဖြစ်နေသော အလုပ်ရေးရာများကို ပါဝင်ပတ်သက်ဖြေရှင်းပေးရခြင်းကြုံမည်။ အိမ်တွင်းရေးပြဿနာ၊ မောင်နှမသားချင်းရေးရာကိစ္စများအတွက် ရင်တထိတ်ထိတ်နှင့်စိုးရိမ်တကြီးဖြစ်နေမည်။ ရောင်းမှားဝယ်မှား ဖြစ်တတ်သည်။ ငွေမြောက်များစွာရင်းနှီးမြှုပ်နှံသော အလုပ်များမလုပ်ရ။ အဖိုးတန်ပစ္စည်း ပျောက်တတ်သည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

May 21th မှ May 27th ကြား

ရေရာမှုမရှိသော ကိစ္စများကို အချိန်ကုန်၊ ငွေကုန်ခံပြီးလုပ်ကိုင်ရမည်။ အတူတကွ ပူးတွဲလုပ်ကိုင်သူများ၏ သေချာသပ်ရပ်မှုမရှိခြင်း၊ ပေ့ါပေ့ါတန်တန်လုပ်ကိုင်ခြင်းကြောင့် အရည်အသွေးကျဆင်းခြင်း၊ နာမည်သိက္ခာထိခိုက်ခြင်းများရှိမည်။ အကျိုးအမြတ်ရရှိမှုသာ အဓိကထားပြီးပရိယာယ် ဉာဏ်ပညာမဲ့သော စီးပွားရေးသမားတို့နှင့် ပူးတွဲလုပ်ကိုင်ရ၍ ဆုံးရှုံးနစ်နာစရာများကြုံမည်။ လက်တွေ့ဆောင်ရွက်၍ ဆုံးရှုံးနစ်နာမည်ကိုသိလျက် အရဲစွန့်စမ်းသပ်လုပ်ကိုင်မှုများမှ ထင်မှတ်ထားသည်ထက်ပိုသော ဆုံးရှုံးနစ်နာစရာများ ပေါ်ပေါက်မည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးအဆင်မပြေမှုနှင့် ပဋိပက္ခကြုံကာ လမ်းခွဲရမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

May 21th မှ May 27th ကြား

အခက်အခဲများကို ကျော်လွှားပြီး အလိုရှိရာပြည့်စုံခြင်း၊ ငွေကြေးကံကောင်းခြင်းများ ဆက်တိုက်ကြုံမည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး တိုးတက်သော အနေအထားနှင့် အကျိုးပေးသော အခြေအနေရရှိမည်။ မိတ်ဆွေသစ်များ တိုးပွားမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ ပညာအတတ်နှင့် ပတ်သက်သောကိစ္စမှ ကိုယ်ဆောင်ရွက်သလောက် အကျိုးရှိလိမ့်မည်။ မမျှော်လင့်ဘဲအလုပ်သစ် စီးပွားသစ်များ လုပ်ကိုင်ရန်ကမ်းလှမ်းခံရမည်။ အပြိုင်အဆိုင်များ အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ပြီးမှ အလုံးစုံအဆင်ပြေမည်။ လုပ်ငန်းခွင့်မှသူများအဖို့ ပညာသင်တန်းနှင့် ပတ်သက်သည်များကြုံမည်။ အိမ်ထောင်သည်များတွင် ငွေကုန်များမည်။ တစ်ခုထက်ပိုသော လုပ်ငန်းများလုပ်၍ စိတ်ပင်ပန်းသည့်ကြားမှ မသုံးမဖြစ်သုံးရသည့်အကြောင်းကြောင့် စုဆောင်းထားသောငွေများ ထုတ်ယူသုံးစွဲရမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

May 21th မှ May 27th ကြား

ဆောင်ရွက်သမျှအောင်မြင်၍ ရည်မှန်းထားသည်များ ထွန်းထွန်းပေါက်ပေါက်ဖြစ်မည်။ ထွက်ပေါက်မရှိနိုင်လောက်သော အနေအထားရောက်အောင် ချောက်တွန်းပြဿနာဆင်သူများတွေ့မည်။ ယာဉ်စက်ပစ္စည်းအဝင်မတော်။ မိဘ အကြီးအကဲ ကျန်းမာရေးချူချာတတ်သည်။ မိသားစုဝင်တစ်ဦး၏ ပေ့ါပေ့ါဆဆဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော ရှုံးနိမ့်မှုငွေကုန်အချိန်ကုန်ဖြစ်ခြင်းအပေါ် စိတ်သောကရောက်ရမည်။ တိုးတက်ရန် အချိန်နီကပ်ကာမှ ပြဿနာကြုံ၍ ရွှေ့ဆိုင်းဖြေရှင်းရခြင်း၊ တက်လမ်းများလက်တစ်လုံးခြားဖြစ်ရခြင်းများကြုံမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

May 21th မှ May 27th ကြား

အရာရာ အဆင်ပြေ၍ စိတ်ချမ်းမြေ့မှု၊ အလိုပြည့်မှုရှိမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများလုပ်ကိုင်၍ အထူးကောင်းသည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ သွားလာရာ ၊ ရောက်လေရာမျက်နှာပွင့်မည်။ ၅၂၈-၁၅၀၀မေတ္တာ(၂) ခုစလုံးကောင်းသည်။ မိသားစုစီးပွားကိစ္စများစိတ်ချမ်းသာခြင်း၊ အဆင်ပြေခြင်းများရှိမည်။ အလှူအတန်းမင်္ဂလာကိစ္စများဆက်တိုက်ကြုံတွေ့ရမည်။ ပြောရေးဆိုရေးအောင်မြင်မည်။ လက်လွှန်ထားသော ငွေများပြန်ရမည်။ ပြန့်ကျဲနေသော ငွေကြေးများပြန်လည်စုစည်းနိုင်မည်။ တစ်ပါ။သူနှင့် ယှဉ်လိုက်က အသာစီးရမည်။ အလုပ်ရမည်။ လုပ်ငန်းကောင်းမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ အဆင့်တိုးမည်။ မှန်းဆထားသည့်ကိစ္စများကို ရဲရဲရှေ့တိုးလုပ်ပါ။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

May 21th မှ May 27th ကြား

တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းများလက်လွှတ်ဆုံးရှုံးမည်။ လမ်းမှားအားရွေးချယ်မိခြင်းကြောင့် အကျိုးမဲ့သော ဖြစ်ရပ်များဖြစ်တတ်သည်။ ရင်းနှီးသူများနှင့် စကားများရမည်။ ပဋိပက္ခများကြုံမည်။ အငြင်းပွားစရာများရှိမည်။ မေတ္တာရေးလမ်းကြောင်းတွင် အညံ့ကြုံမည်။ ချစ်သူခင်သူများနှင့်ခွဲခွာရန် အကြောင်းရှိမည်။ လုပ်ငန်းခွင်မှသူများအဖို့ မသွားလိုသော မပြောင်းလိုသော ခရီးသွားရခြင်းကြုံမည်။ ကိုယ်က မပြောင်းသည့်တိုင်လက်တွဲခြင်းငှာ မဖြစ်နိုင်သော ယခင်အတိတ်က ပဋိပက္ခဖြစ်ဖူးသောသူများပြောင်းရွှေ့လိမ့်မည်။ လက်လွှန်ထားသော ငွေအချို့ လက်ဝယ်ရမည်။ မြှုပ်နေသော ငွေအချို့ ပြန်ပေါ်မည်။ အခက်အခဲအချို့ကိုကျော်လွှားပြီးတိုးတက်မှုများဖြစ်ထွန်းလာမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

May 21th မှ May 27th ကြား

အပြောင်းအလဲကိစ္စများ ဆောင်ရွက်၍ ကောင်းသောအကျိုးဆက်များရရှိမည်။ မူလဆောင်ရွက်မည်ဟု ရည်မှန်းထားသောကိစ္စများကို ဆိုင်းငံ့ပြီး ပေါ်ပေါက်လာသော အခြေအနေနှင့် ညီညွတ်သောဦးတည်ချက် ပုံစံပြောင်း၍ အလုပ်အကိုင်များ ဆောင်ရွက်အဆင်ပြေမည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအတွက် အလုံးစုံအဆင်ပြေမည်။ အမေ၊ အဖွား၊ အဒေါ် အစရှိသည့် အသက်အရွယ်ကြီးသူသားချင်းတို့၏ ကျန်းမာရေးကို အလေးအမူပြုရမည်။ အမည်အတွင်း (စ၊ဆ၊ရ၊ဝ) အက္ခရာပါသူတစ်ဦးတစ်ယောက်မှ ဒုက္ခရောက်၍ ငွေကြေးကူညီရန် လာရောက်တောင်းခံမည်။ ငွေကြေးဆုံးရှုံးမည်။ ငွေမချေးရ။ မိသားစုနှင့် ဆွေမျိုးကြား ပဋိပက္ခရှိမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

May 21th မှ May 27th ကြား

အတိုက်အခံများ၊ အရှုပ်အထွေးများနှင့် စိတ်ပင်ပန်းစရာများဖြစ်မည်။ အဆင်ပြေမယောင်နှင့် ခက်ခဲမည်။ အခါတိုင်းပြောစကားနှင့်အညီ စနစ်တကျပူးပေါင်းကူညီသူများထံမှ အထောက်အကူမရ။ သူတစ်ပါးမှ ချောက်တွန်း၍ အဖျက်စကား နားဝင်အောင်ပြောထားသောကြောင့် မိမိအပေါ်အထင်မှား၊ အထင်လွဲမည်။ အရောင်းအဝယ်နှင့် စီးပွားရေးရာကိစ္စများတွင် အခါတိုင်းဆက်ဆံနေကျသူများနှင့် မိတ်ပျက်ဆွေပျက်ဖြစ်တတ်သည်။ အမည်အတွင်း (အ၊ဉ၊သ၊ဟ) ပါသောလူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပတ်သက်၍ ငွေကုန်မည်။ စိတ်ဆင်းရဲမည်။ အလုပ်သစ်၊ စီးပွားအကြံသစ်လုပ်သူများ ထင်မှတ်ထားသည်ထက် ပို၍အောင်မြင်ပြေလည်မည်။ အိုးအိမ်သစ်၊ နေရာသစ်များ စီစဉ်အဆင်ပြေမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

May 21th မှ May 27th ကြား

စုပေါင်းလုပ်ငန်းများ အကျိုးပေးမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်ဖြင့် လုပ်ကိုင်မှုများ အောင်မြင်မည်။ ငွေကြေးကိစ္စများ အဆင်ပြေမည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စများတွင် အထူးအောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ဦးတည်ချက်သစ်နှင့် လုပ်ကိုင်ခြင်းများ အဆင်ပြေမည်။ အိမ်နေရာကိစ္စဆောင်ရွက်မှုများ အဆင်ပြေမည်။ အိုးအိမ်ပြင်ဆင်ခြင်း၊ အသစ်ဖွဲ့စည်းခြင်းများအတွက် အထူးကောင်းသည်။ ဆုံးဖြတ်ချက်များချမှတ်ရန် အကောင်းဆုံးကာလ ဖြစ်သည်။ အပြောင်းအလဲသစ်များ လုပ်ကိုင်နိုင်သည်။ နေရာသစ်ပြောင်း၍ အထူးအကျိုးပေးမည်။ အတတ်ပညာနှင့် ပတ်သက်၍ ကောင်းသည်။ သင်တန်းကိစ္စများ အောင်မြင်မည်။

# အားကစား

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်ခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု အခြေအနေများကို စစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့ အမျိုးသမီး ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီး အဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှား နိုင်ငံ Seremban International Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည် လည်းကောင်း၊ မေ ၂၀ ရက်မှ၂၃ ရက်အထိ မလေးရှားနိုင်ငံDamai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban International Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း(၂၂၄)ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ ရက်နေ့က လေကြောင်း ခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ ပါဝင်ပြီး မြောက်ကိုရီးယား၊ ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(ထိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာ အုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့်ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း-သူဇာထွေး၊စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖော စသည့်ကစားသမား(၂၀)ဦးလိုက်ပါသွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွှန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်းသုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲဖွင့်လှစ်မှာဖြစ်ပါတယ်။ ၂၁ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက်၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း၂၀၁၀ ခုနှစ် မေလ၂၁ရက်နေ့ထုတ်မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

# အနုပညာ

## မိသားစုဘဝတစ်ခုကိုတော့ လိုချင်ပါတယ်ဆိုတဲ့ အိန္ဒြာကျော်ဇင်

မေး-အနုပညာလှုပ်ရှားမှုတွေ ပြောပြပေးပါဦး။

ဖြေ-လတ်တလောလှုပ်ရှားမှုအနေနဲ့ကတော့ ရွှေမင်းသမီးထုတ်လုပ်ရေးကုမ္ပဏီနဲ့ မေခင်ကညာဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကို ပြေတီဦး၊ ခန့်စည်သူ၊ ကျော်ကျော်ဗို၊ ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည်တို့နဲ့ ရိုက်နေပါတယ်။ နောက်ထပ်လှုပ်ရှားမှုတွေကတော့ ဗီဒီယို၊ ရုပ်ရှင်၊ ဒီဗွီဒီကားကြီးတွေပဲ ရိုက်ဖို့ရှိပါတယ်။

မေး-ပြည်တွင်း၊ပြည်ပခရီးစဉ်တွေရှိရင်လည်း ပြောပြပေးပါဦး။

ဖြေ-ပြည်တွင်းခရီးစဉ်အနေနဲ့က ဖွန်ထဲမှာ ကားရိုက်ထွက်ဖို့တွေရှိပါတယ်။ ဇူလိုင်လထဲမှာတော့ ဂျပန်ခရီးစဉ်တစ်ခု ရှိပါတယ။ ဟေမာနေဝင်းရယ်၊ ကိုရာဇာနေဝင်းရယ်၊ အုဝဲရယ်ပေါ့နော်။ သွားမှာက ငါးရက်လောက်ပဲကြာမယ်။ ဖျော်ဖြေရေးအနေနဲ့သွားမှာပေါ့နော်။ ဖျော်ဖြေရေးကတော့ တစ်ရက်တည်းပါပဲ။ ဒါက ဂျပန်နိုင်ငံသွားတာ ခုက ဒုတိယအကြိမ်ပေါ့။ ပထမအကြိမ်တုန်းက တော်တော်ကြာပြီ။ ဂျပန်-မြန်မာချစ်ကြည်ရေးအနေနဲ့ သရုပ်ဆောင်တွေအများကြီးနဲ့ သွားခဲ့တာပေါ့နော်။ခု ခရီးစဉ်အတွက်ကတော့ အချိန်ကလည်းစောသေးတော့ ဘာမှ မပြင်ဆင်ဖြစ်သေးဘူး။ အချိန်နီးမှ သီချင်းတိုက်တာတို့ သီချင်းကျင့်တာတို့ လုပ်ဖြစ်မှာပါ။

မေး-အခုဆိုရင် သရုပ်ဆောင်တော်တော်များများက အဆိုဘက်ကို လုပ်လာကြတာတွေ့လာရတယ်။ မအုဝဲလည်း စီးရီးထုတ်ဖို့ အစီအစဉ်များမရှိဘူးလား။

ဖြေ-ဒါကတော့ လုံးဝအစီအစဉ်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လုပ်မယ်ဆို ဟိုးအရင်ကတည်းက လုပ်ဖြစ်မှာပေါ့နော်။ ကိုယ်ကိုယ်တိုင်က အဆိုဘက်ကို သရုပ်ဆောင်လုပ်တာလောက် ဝါသနာမပါတာလည်း ပါတာပေါ့နော်။

မေး-အမျိုးသမီးတွေအချိန်တန် အရွယ်ရောက်ရင် အိမ်ထောင်ပြုကြတယ်။ ဒါပေမဲ့ အုဝဲလိုအောင်မြင်နေတဲ့သူတစ်ယောက်အတွက် အိမ်ထောင်ဖင်က ခုချိန်မှာ မလိုအပ်သေးဘူးဆိုတဲ့ အတွေးမျိုး ရှိပါသလား။

ဖြေ-အုဝဲအနေနဲ့ပြောရမယ်ဆိုရင်တော့ လူဆိုတာ စိတ်တစ်မျိုးစီရှိကြတာပေါ့နော်။ အုဝဲကတော့ အောင်မြင်နေလို့ အိမ်ထောင်မပြုသေးတာမျိုးတော့မဟုတ်ဘူးပေါ့နော်။ ဒါပေမဲ့ လုံးဝကြီးမဆိုင်ဘူးလားဆိုတော့လည်းမဟုတ်ဘူး။ တစ်စိတ်တစ်ဒေသတော့ ပါတာပေါ့နော်။ မိသားစုဘဝတစ်ခုကို လိုတော့လိုချင်တယ်။ ဒါပေမဲ့ ဒီအချိန်မှာ ဒီအခြေအနေမျိုးမှာ မလိုချင်သေးတာ ကံတရားနဲ့လည်းဆိုင်တာပေါ့နော်။

(၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## လက်တွဲဖော်ဆိုတာ ကိုယ်နဲ့ဖူးစာပါတဲ့ သူပါပဲဆိုတဲ့ ဟိန်းဝေယံ

ကိုယ်ပိုင်ထုတ်လုပ်ရေးနဲ့ ဇာတ်ကားတွေရိုက်ရင်း အောင်မြင်မှုရရှိလာတဲ့ ဟိန်းဝေယံရဲ့ လတ်တလောအနုပညာလှုပ်ရှားမှုတွေးတွေကတော့ " ကျွန်တော်မဂ္ဂဇင်းတစ်ခုရဲ့ ကဏ္ဍတစ်ခုမှာ ပါဝင်လှုပ်ရှားနေပါတယ်။ နောက်ပြီး အမုန်းရဲ့အတ္ထုပ္ပတ္တိ ဇာတ်ကားကြီးကို မေ ၁၅ ရက်က စပြီးရိုက်မယ်။ ဒီကားကြီးရိုက်ဖို့ ကျွန်တော်က ဒီဇာတ်လေးကို အရမ်းလည်း ကြိုက်တယ်။ နောက် ကိုယ်အရမ်းသဘောကျတဲ့ကားကို သရုပ်ဆောင်ရတဲ့အတွက် အရမ်းကိုသဘောကျပါတယ်။ ဒါကြောင့် ကျွန်တော့်အနုပညာနဲ့ ပတ်သက်ပြီး အစွမ်းကုန်ကြိုးစား သရုပ်ဆောင်သွားမှာပါ။ ကျွန်တော့်အနေနဲ့ ဇာတ်ကားကြီးတွေမှာ သရုပ်ဆောင်ရင်လည်း အကယ်ဒမီကို မှန်းပြီးတော့ သရုပ်ဆောင်မှာတော့ မဟုတ်ဘူး။ ကိုယ်လုပ်ရမယ့် အခန်းကဏ္ဍမှာတော့ ကြိုးစားပြီးလုပ်ပါတယ်။" လို့ဆိုလာပါတယ်။ ဟိန်းဝေယံကတော့ ဆက်လက်ပြီး ဗီဒီယိုတွေ၊ ဒီဗီဒီတွေ ဆက်တိုက်ရိုက်ဖို့ ရှိနေပါတယ်တဲ့။ အချစ်ရေးကလည်း အေးဆေးဖြစ်နေတဲ့အတွက် အနုပညာဘက်ကိုသာ တစိုက်မတ်မတ်လုပ်ဖြစ်နေတဲ့ သူ့ကိုလက်တွဲဖော်နဲ့ ပတ်သက်လို့ စိတ်ကူးပုံဖော်ထားတာမျိုး ရှိပါသလားလို့ မေးကြည့်မိတော့ " ကျွန်တော်ကတော့ လက်တွဲဖော်ကို စံနှုန်းအနေနဲ့ သတ်မှတ်ထားတာတော့ မရှိပါဘူး။ အဓိက ကိုယ်နဲ့ဖူးစာပါတဲ့သူနဲ့ပဲ ဆုံစည်းရမှာပါပဲ။ ဘယ်လိုပုံစံဖြစ်မှဆိုတဲ့ ပုံစံမျိုးတော့ မရှိပါဘူးတဲ့။

(၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)